လယ်ပြင်ကျေးရွာ

ဖားကန့်မြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၉-၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

လယ်ပြင်ကျေးရွာ၊ ဖားကန့်မြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၉ခုနှစ်၊ မေလ

မာတိကာ

မာတိကာ

စကားချီး

လယ်ပြင်ကျေးရွာအရင်းအမြစ်ပြ မြေပုံ၊ဖားကန့်မြို့နယ်

အပိုင်း(က)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်အစီအစဉ်

၁။နိဒါန်း–ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု

(က)ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ)စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

၂။ကျေးရွာ၏ပထဝီဝင်အနေအထားနှင့်သဘာဝအရင်းအမြစ်များ

(က)တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

(ခ)သဘာဝအရင်းအမြစ်များ

၃။ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က)လူဦးရေဆိုင်ရာအချက်အလက်များ

(ခ)စီးပွားရေးအခြေအနေ–ဝင်ငွေပိုင်ဆိုင်မှု

(ဂ)ဆင်းရဲနွမ်းပါးမှုနှင့်ထိခိုက်လွယ်မှု

(ဃ)ကျန်းမာရေးနှင့်အာဟာရ

(င)ကျားမဆိုင်ရာဆက်နွယ်မှု

၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေ

(က)ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်

(ခ)သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ

(ဂ)စိုက်ပျိုး မွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ)ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င)ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

(စ)ပညာရေး၊ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ)လူငယ်နှင့်ယဉ်ကျေးမှု

(ဇ)အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု-လမ်းတံတား၊လျှပ်စစ်စွမ်းအား၊သတင်းနှင့်ဆက်သွယ်ရေး

(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

၅။ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊အဟန့်အတားများနှင့်ကျော်လွှားရမည့်စိန်ခေါ်မှုများ

(က)ဖွံ့ဖြိုးရေးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ

(ခ)အဟန့်အတားများနှင့်ကျော်လွှားရမည့်စိန်ခေါ်မှုများ

၆။ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ

၇။ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြားအစိအစဉ်ကျသောချိတ်ဆက်မှုများ

၈။ဦးစားပေးစီမံချက်များနှင့်အကောင်အထည်ဖော်ဆောင်မည့်အချိန်ကာလ

(က)နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

(ခ)ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍စီမံကိန်းအုပ်စုသတ်မှတ်ခြင်း

(ဂ)ဦးစားပေးစီမံချက်များ

(ဃ)အကောင်အထည်ဖော်မည့်အချိန်ကာလ

၉။ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရွေးချယ်မှုများ

၁၀။ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ

(က)ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏အခန်းကဏ္ဍ

(ခ)ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ

(ဂ)ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ

(ဃ)ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့်ပြုပြင်ထိန်းသိမ်းရန်အတွက်အဖွဲ့အစည်းဆိုင်ရာနှင့်ငွေကြေးဆိုင်ရာအစီအစဉ်များ

၁၁။စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း

(က)ကြီးကြပ်စစ်ဆေးခြင်း

(ခ)နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ပြီးစီးမှုအကဲဖြတ်ခြင်း

(ဂ)နည်းပညာဆိုင်ရာအကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ(၁)စီမံကိန်းဇယားများ

(၁)လူမှုစီးပွားရေးအခြေအနေ

ဇယား(၁)　　လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား(၂)　　လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား(၃)　　ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား(၄)　　ဓာတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား(၅)　　ဥစ္စာဓနအဆင့်အခြေအနေ

ဇယား(၆)　　ကျေးရွာ၏ဝမ်းစာဖူလုံမှုအခြေအနေ

ဇယား(၇)　　ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား(၈)　　ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား(၉)　　ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

(၂)ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

ဇယား(၁၀)　　ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား(၁၁)　　ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဖယား(၁၂)　　ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

ဇယား(၁၃)　　ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

ဇယား(၁၄)　　အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား(၁၅)　　ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

ဇယား(၁၆)　　သီးနှံထုတ်လုပ်မှုတိုးစေရန်အတွက်အခွင့်အလမ်းများ

ဇယား(၁၇)　　သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား(၁၈) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဇယား(၁၉) မွေးမြူရေးကဏ္ဍထုတ်လုပ်မှုတိုးတက်စေရန်အတွက်အခွင့်အလမ်းများ

ဇယား(၂၀) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုအတွက်ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား(၂၁) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးလုပ်ငန်းများ

ဇယား(၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သောစီးပွားရေးလုပ်ငန်းများအတွက်အခွင့်အလမ်း၊ပြဿနာနှင့်အခက်အခဲများ

ဇယား(၂၃) ကုန်စည်နှင့်ဝန်ဆောင်မှု၊ဈေးကွက်လက်လှမ်းမီမှုအခြေအနေ

ဇယား(၂၄) ငွေကြေးလက်လှမ်းမီမှုနှင့်ဘဏ်လုပ်ငန်း

ဇယား(၂၅) သဘာဝပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုအတွက်လက်ရှိအလေ့အကျင့်နှင့်အခက်အခဲများ

ဇယား(၂၆) သဘာဝပတ်ဝန်းကျင်ဆိုင်ရာအခက်အခဲများနှင့်သဘာဝဘေးအန္တရာယ်လျှော့ချရေးအစီအမံများ

ဇယား(၂၇) မူလတန်း၊အလယ်တန်း၊အထက်တန်းနှင့်တက္ကသိုလ်ပညာပြီးစီးမှုနှုန်း

ဇယား(၂၈) ကျောင်းအပ်နှုန်း

ဇယား(၂၉) စာသင်ကျောင်းဆောင်အခြေအနေ

ဇယား(၃၀) ပညာရေးအခက်အခဲနှင့်ပြဿနာများ

ဇယား(၃၁) အဖြစ်များသောရောဂါများ

ဇယား(၃၂) ကျန်းမာရေးအထောက်အပံ့နှင့်ဝန်ဆောင်မှုများ

ဇယား(၃၃) သောက်သုံးရေရရှိမှု

ဇယား(၃၄) သန့်ရှင်းရေးအခြေအနေ

ဇယား(၃၅) ကျေးရွာ၏လမ်း၊တံတားတည်ရှိမှုအခြေအနေ

ဇယား(၃၆) ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား(၃၇) သယ်ယူပို့ဆောင်ရေးယာဉ်များ

ဇယား(၃၈) လျှပ်စစ်မီးရရှိမှုအခြေအနေ

ဇယား(၃၉) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာအခြေအနေ

ဇယား(၄၀) ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးခြေအနေ

ဇယား(၄၁) ဘေးကင်းလုံခြုံရေး၊ဝန်ဆောင်မှုအထောက်အကူများအားလက်လှမ်းမီမှု

ဇယား(၄၂) မှုခင်းဖြစ်ပွားမှုအခြေအနေ

နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကိုအထောက်အပံ့ဖြစ်စေမည့်အခြေအနေကောင်းများ၊အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှား ရမည့်စိန်ခေါ်မှုများ

ဇယား(၄၃) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ

ဇယား(၄၄) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက်အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့်စိန်ခေါ်မှုများ

နောက်ဆက်တွဲ(၃) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်(ပြဿနာဆန်းစစ်ခြင်းမှဖြေရှင်းနည်းအထိ)

ဇယား(၄၅)

ကိုးကားစာရင်း

အပိုင်း(ခ) စီမံချက်ဆိုင်ရာအချက်အလက်

စီမံချက်ဆိုင်ရာအချက်အလက်ပုံစံ

စကားချီး


ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈ခုနှစ် မှ ၂၀၂၂ ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကို လည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိရှိခဲ့သဖြင့် ထိရောက်မှု အားနည်းခဲ့ကြသည်။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်ဝန်ထမ်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းကဏန်းနှင့်သတင်းအချက်အလက်တို့၏အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုသော ကိန်းဂဏန်း၊ အချက်အလက်များနှင့်နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်းကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက် ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။အကောင်အထည်ဖော်မည့်ဗျူဟာဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာအချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
လယ်ပြင်ကျေးရွာ၊ ဖားကန့်မြို့နယ်


လေယာဉ်ကွင်းကျော်ကုမ္ပဏီများရဲ့ဝန်ဆောင်မှုများနှိုင်းယှဉ်ချက်
ဝဲ
ကုမ္ပဏီအမည်
ကြယ်ပွင့်လေကြောင်း
ဖြူဖွေးလေကြောင်း
ပျော်ရွှင်
ပြည်ထောင်စု
ကမ္ဘာ
ဒဂုံ
ကြယ်တိမ်
ပင်လယ်လေကြောင်း
ကြယ်ပွင့်
ကြယ်ပွင့်
ကြယ်ပွင့်

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

(၁)နိဒါန်း

(က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ကို ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏာန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏာန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသောပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသော အချက်များနှင့်အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုကို သိရှိစေရန်မျှော်လင့်ပါသည်။

(ခ) နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့်အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှု

များအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ(CSOs)နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ ထိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယရေးနှင့်ပြည့်သူအရေး ရပ်တည်မူပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်၊) နိုင်ငံတကာအစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

(ဂ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင်တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံရရှိနိုင်မည့် အကူအညီများကိုအခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းကဲ့သို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့်လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့်အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းကို

ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့်လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် ဖားကန့်မြို့သို့သွားသည့်လမ်းပေါ်တွင်တည်ရှိပြီး အုပ်ချုပ်ရေးရုံးစိုက်ရာ ဖားကန့်မြို့နှင့် (၅)မိုင်ခန့်အကွာဝေးသာရှိပြီး ဆက်သွယ်သွားလာရလွယ်ကူသည်။ ကျေးရွာသည် တောင်ပေါ်ဒေသတွင်တည်ရှိပြီး အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာ အရောင်းအဝယ်လုပ်ငန်းဖြစ်သည်။ ကျေးရွာ၏ရာသီအလိုက် စိုက်ပျိုးသည့် သီးနှံထွက်ကုန်များသည် ဖားကန့်မြို့သို့ အဓိက တင်ပို့ရောင်းချကြသည်။ ဒေသ၏ တစ်နှစ်ပျမ်းမျှ မိုးရေချိန်လက်မမှာ ၁၀၃.၂၁ ဝန်းကျင်တည်ရှိပါသည်။ အအေးပိုင်ဒေသ၊မိုးရေချိန်များပြီး တစ်နှစ်ပတ်လုံး အေးမြမှုရှိသည်။ ကျေးရွာပတ်လည်တွင် တောင်တန်းတောင်ကုန်းများ ဝိုင်းရံထားပြီး မြေပြင်အနေအထားမှာ တောင်ပေါ်မြေပြန့်ဒေသဖြစ်ပါသည်။ ကျေးရွာအနီးတွင် ဥရုချောင်းနှင့် စိမ့်စမ်းရေများ ဝိုင်းပတ်စီးဆင်းနေပါသည်။ ကျေးရွာ၏ စိုက်ပျိုးရေးလုပ်ငန်းအတွက် စိမ့်စမ်းချောင်းရေအား အဓိကထား ရေပိုက်များဖြင့် သွယ်ယူအသုံးပြုကြပါသည်။ ကျေးရွာတွင် စပါးများအဓိကစိုက်ပျိုးနိုင်ကြသည်။ ရာသီလိုက်သီးနှံများသာ အနည်းငယ်သာ စိုက်ပျိုးကြပါသည်။

(ခ) သဘာဝအရင်းအမြစ်

တောင်ပေါ်မြေပြန့်ဒေသဖြစ်၍ စပါးစိုက်ပျိုးရန်အတွက် မြေဆီအသင့်အတင့်သာကောင်းပြီး ခါတ်မြေဩဇာများကို အဓိကထား ထည့်သွင်းအသုံးပြုကြသည်။ ကျေးရွာတွင် ကျောက်စိမ်းတူးဖော်သည့် ကုမ္ပဏီများ ရှိပြီး ရေမဆေးကျောက်ရှာသူ အများအပြားရှိကြသည်။ ကျေးရွာတွင် သယံဇာတအနေဖြင့် ချောင်းမှ သဲများ ထုတ်ယူရရှိနိုင်သည်။ ကျေးရွာ၏စပါးစိုက်ခင်းဧကမှာ (၁၂၆)ခန့်ရှိပြီး မုန်ညှင်း၊ကိုက်လန်၊ကြံ၊ စတော်ပဲ စသည့် ရာသီလိုက်သီးနှံများကို အနည်းငယ်စိုက်ပျိုးကြသည်။ မြေအောက်ရေ အသုံးပြုမှုနည်းပါးပါသည်။

၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း (၁၈၉)စုနှင့် ကျား (၄၆၈)ဦး၊ မ(၄၈၆)ဦးဖြင့် လူဦးရေပေါင်း (၉၅၄)ဦးရှိကာ တစ်အိမ်ထောင်လျှင်ပျမ်းမျှ(၅)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း (၅)ဦးနှင့်ညီမျှသည်။ ကျေးရွာတွင် ကချင်၊ဗမာ၊ရှမ်း၊ရခိုင်နှင့်ပအိုဝ် စသည့်တိုင်းရင်းသားလူမျိုးစုများနေထိုင်ကြပြီး အလုပ်

လုပ်ကိုင်နိုင်သောအရွယ်သည် ကျေးရွာရှိလူဦးရေပေါင်း၏ (၆၆.၅%)ခန့်ရှိသဖြင့် လူသားအရင်းအမြစ်ကောင်းတစ်ရပ်ဖြစ်ကာ လူငယ်များကို သက်မွေးဝမ်းကျောင်းအတတ်ပညာများ လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွားရေးတိုးတက်အောင် စွမ်းဆောင်နိုင်သည်။ အလုပ်လုပ်နိုင်သောအရွယ်ရှိ အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် အနည်းငယ်များပြားပါသည်။

(ခ) စီးပွားရေးအခြေအနေ- ဝင်ငွေ၊ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိက ဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ဝင်ငွေအနေအထားမှာ သာမာန်အားဖြင့် အလယ်အလတ်ရှိသည်။ ဆင်းရဲချမ်းသာအဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ (၁၃.၂%)သည် ဆင်းရဲသောအိမ်ထောင်စုအဆင့်အဖြစ်ခံယူကြပြီး (၁၈.၅%)သည် ချမ်းသာသည့်အဆင့်၊ (၆၈.၃%) သည်အလယ်အလတ်အဆင့်ရှိကြသည်ဟု သတ်မှတ်ကြသည်။ ကျေးရွာတွင် လယ်ယာမြေနှင့်စိုက်ခင်းမြေပိုင်ဆိုင်မှု၊လက်လှမ်းမှီမှု၊စိုက်ခင်းသုံးစက်ကိရိယာများပိုင်ဆိုင်မှုနှင့် စိမ့်စမ်းရေသွယ် ရေသွင်းစိုက်ပျိုးနိုင်မှုတို့ကြောင့် ကျေးရွာစီးပွားရေးအနေအထားမှာ အသင့်အတင့်ကောင်းသည်ဟု ပြောနိုင်သည်။ စိုက်ခင်းမြေနေရာမှာ တိုးချဲ့နိုင်ခြင်းမရှိသောကြောင့် မြေပိုင်မရှိသည့်အိမ်ထောင်စုအနည်းမှာ စိုက်ခင်းမြေများငှားရမ်းစိုက်ပျိုးကြရသဖြင့် မိသားစုဝင်ငွေလျော့နည်းကြသည်။ နိုင်ငံတော်မှ ထောက်ပံ့သည့် မြစိမ်းရောင်စိမံကိန်းရန်ပုံငွေအား ၂၀၁၅-၂၀၁၆ခုဘဏ္ဍာရေးနှစ်တွင် ရရှိခဲ့ပြီး စိုက်ပျိုးရေးလုပ်ငန်းအတွက် လိုအပ်သည့်ငွေကြေးအရင်းအနှီးအား အတိုးနှုန်းနည်းနည်းဖြင့် ချေးယူနိုင်သဖြင့် ကျေးရွာ၏စီးပွားရေးတိုးတက်လာခဲ့ပါသည်။ ကျေးရွာ၏အိမ်ထောင်စုအနည်းသည် ဈေးရောင်း/ ဝယ်၊ လက်သမား၊ကျပန်း၊လက်လုပ်လက်စား၊မှော်နယ်မြေများတွင် ကျောက်စိမ်းရေမဆေးရှာဖွေခြင်းစသည့် လုပ်ငန်းများလုပ်ကိုင်ကြသည်။

ကျေးရွာတွင် အလယ်အလတ်အဆင့်သည် အများဆုံးဖြစ်ပြီး မြေယာအနည်းငယ်သာပိုင်သော စိုက်ခင်းသမားများ၊လက်လုပ်လက်စားများ၊တစ်ပိုင်တစ်နိုင် မွေးမြူရေးသမားများ၊လက်သမားနှင့်မြေယာမဲ့အိမ်ထောင်စုများပါဝင်သည်။ ကျေးရွာရှိ မြေယာမဲ့အိမ်ထောင်စုအနည်းငယ်သည် စာရင်းငှား အလုပ်သမား၊တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်း မြေယာငှားရမ်းစိုက်ပျိုးလုပ်ကိုင်ခြင်း၊တစ်နိုင်တစ်ပိုင်ရောင်း/ဝယ်လုပ်ငန်းများတွင် အလုပ်အကိုင်များရှာဖွေရရှိနိုင်ကြသည်။ ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း များအတွက် နေ့စားအလုပ်သမားရရှိမှု အသင့်အတင့်သာရှိပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာမှ ဆင်းရဲအိမ်ထောင်စုများ၏ (၁၃.၂%)ဖြစ်သောအိမ်ထောင်စု ၂၅စုကို လေ့လာဆန်းစစ်မှုအရ ယင်းတို့၏ ၆%မှာ သူတစ်ပါးထံမှ ချေးငှားပြီးမှ နပ်မှန်စားသုံးနိုင်ကြောင်း၊ ၇.၂%မှာ သူတစ်ပါးထံမှ မချေးမငှားဘဲ နပ်မှန်စားသုံးနိုင်ကြောင်း တွေ့ရှိရသည်။ အကြွေးတင်ရှိမှုတွင် အိမ်ထောင်စုအားလုံးသည် အကြွေးငွေ(၁၀၀၀၀/-)ကျပ်မှ (၂၀၀၀၀၀၀/-)ကျပ်ထိ တင်ရှိနေကြသည်။ အိမထောင်စုအားလုံး၏ (၁၁.၆%)ခန့်သည် အမျိုးသမီးဦးဆောင်သော

အိမ်ထောင်စုများဖြစ်ကြပြီး ထိုအိမ်ထောင်စုများ မှာ ဆင်းရဲကြသည်။ မုဆိုးဖို၊တစ်ခုလပ်ဦးဆောင်သည့် အိမ်ထောင်စု(၂)စုသည် ဆင်းရဲသည့် ထိခုက်လွယ်သော အိမ်ထောင်စုများဖြစ်ကြသည်။

အခြားထိခိုက်လွယ်သော သူများမှာ ကျေးရွာပြင်ပသို့ ဝင်ငွေရရှိရေးအတွက် မှော်နယ်မြေများသို့ သွားရောက်ရေမဆေးကျောက်စိမ်းရှာကြသည့် လူငယ်လူရွယ်အမျိုးသားများသည် လိပ်မှတစ်ဆင့် ကူးစက်တတ်သည့်ရောဂါများ အရက်နှင့်မူးယစ်ဆေးဝါးသုံးစွဲမှုအန္တရာယ်တို့ ရှိတတ်ကြသည်။

(ဃ) ကျန်းမာရေးနှင့်အာဟာရ

ကျေးရွာတွင် ကျေးရွာသားအများစုသည်သာမာန်အားဖြင့် ကျန်းမာရေး ကောင်းမွန်ကြပြီး အာဟာရပြည့်ဝစွာ ရှိကြသည်။ ကလေးငယ်အများစုသည် ကျန်းမာသန်စွမ်းကြသည်။ ဝမ်းပျက်ဝမ်းလျှောခြင်း၊ သွေးလွန်တုတ်ကွေး၊ ငှက်ဖျားနှင့် အခြားသာမန်ရောဂါဖြစ်ပွားမှုမှာ အနည်းငယ်သာရှိပြီး ဆီးချို၊ သွေးတိုးနှင့်အသည်းရောဂါများ ပိုမိုဖြစ်ပွားမှုရှိကြောင်းတွေ့ရှိရသည်။

အမျိုးသမီး၊လူငယ်လူရွယ်၊သက်ကြီးပိုင်းတို့လည်း တစ်ကိုယ်ရည်သန့်ရှင်းရေး ကျန်းမာရေးအသိအမြင်များ ယခုနှစ်ပိုင်းတွင် ပိုမို သိရှိလာကြသည်။ ကျေးရွာ သားများအနေဖြင့် ကျေးရွာနှင့် (၁)မိုင်ခန့်တွင် တိုက်နယ်ဆေးရုံရှိပြီး (၅)မိုင်ခန့်အကွာတွင် မြို့နယ်ဆေးရုံရှိသဖြင့် ဆေးကုသမှုကို လွယ်ကူစွာခံယူနိုင်ပြီး ကျေးရွာတွင်းမှာလည်း ဆေးခန်းများဖွင့်လှစ်ထားရှိသဖြင့် ဆေးများကိုလွယ်ကူစွာဝယ်ယူနိုင်ပြီး အဆင်ပြေချောမွေ့သည်ကို တွေ့ရှိရသည်။

ကျေးရွာတွင် လက်တူးတွင်း (၈၁)တွင်းရှိပြီး အဝီစိတွင်း/တုံကင်မှာ (၅)တွင်းသာရှိပါသည်။ ကျေးရွာ၏ ၄ပုံ၁ပုံခန့်သည် စိမ့်စမ်းရေကိုအဓိကသုံးစွဲကြသည်။ ကျေးရွာတွင် ရေရှားပါးသည်ကို တွေ့ရှိရသည်။

(c) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အလယ်အလတ်ရှိကြောင်းတွေ့ရှိရပါသည်။ ကျေးရွာသားအများစုသည် အခြေခံရေး၊ဖတ်တတ်ကြပြီး ဘွဲ့ရအရေအတွက်မှာ ကျေးရွာလူဦးရေ၏(၅%)ခန့်ရှိသည်။ ကျေးရွာတွင် အခြေခံပညာရေးကို ကျေးရွာရှိမူလွန်ကျောင်းတွင် တက်ရောက်သင်ကြားနိုင်ပြီး အလယ်တန်း၊အထက်တန်းကျောင်းတို့အား လုံးခင်းကျေးရွာနှင့်ဖားကန့်မြို့သို့ သွားရောက်သင်ကြားကြရသည်။ သက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုများမှာ နိမ့်ကျနေပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးနေဆဲဖြစ်သည်။

(စ) ကျား/မဆိုင်ရာဆက်နွယ်မှု

ကျေးရွာတွင် ကျား/မဆိုင်ရာ ဆက်နွယ်မှုအနေအထားမှာ လွတ်လပ်မှုရှိသည်။ကျား/မကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့်ခွဲခြားဆက်ဆံခြင်းကိစ္စကြီးကြီးမားမားမရှိကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် အမျိုးသမီးလူဦးရေသည် အမျိုးသားလူဦးရေထက် များပြားပါသည်။ ကျေးရွာတွင် သာမာန်

အားဖြင့် ပညာရေးနှင့်အခြားနယ်ပယ်များတွင် ကျား/မအခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်းအဆင့်၌ မိန်းကလေးအရေအတွက်သည် ယောကျ်ားလေးအရေအတွက်တူညီသော်လည်းအလယ်တန်းနှင့်အထက်တန်းအဆင့်များတွင် ယောကျ်ားလေး အရေအတွက်သည် မိန်းကလေးအရေအတွက်ထက်ပိုများ၍ အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာအခွင့်အရေးမှာအမျိုးသားများနှင့်အတူတူပင် ဖြစ်သည်။ သို့သော် ကျေးရွာတွင်နေ့စားလုပ်အားခငွေမှာ အမျိုးသားများက ပိုမိုရရှိကြသည်။ လုပ်အားသဘာဝနှင့်အင်အားစိုက်ထုတ်မှု တူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားလျော့နည်းပြီးရကြသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မူ အမျိုးသမီးများပါဝင်မှုတို့မှာ အလွန်လျော့နည်းလျက်ရှိသည်။ ကျား/မ တန်းတူညီမျှမှုနှင့် ပါတ်သက်၍ အသိပညာပေးခြင်းများ မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား/မတန်းတူညီမျှမှု ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်ပါသည်။

(၄) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် အရန်မီးသတ်တပ်ဖွဲ့(၁)ဖွဲ့၊ ကျန်းမာရေးဆိုင်ရာအဖွဲ့အစည်း(၂)ဖွဲ့နှင့် စာပေ၊ဘာသာရေးနှင့်လူငယ်ဆိုင်ရာအဖွဲ့အစည်း (၄)ဖွဲ့နှင့် အမျိုးသမီးဆိုင်ရာအဖွဲ့အစည်း(၁)ဖွဲ့တို့ရှိသည်။ ကျေးရွာရှိ အဆိုပါအဖွဲ့အစည်းများမှာ တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြားချိတ်ဆက်ဆောင်ရွက်မှု၊ အဖွဲ့အစည်း ဆိုင်ရာ သဘောတရားတို့နှင့်ပါတ်သက်၍ အသင့်အတင့်ရှိကြပြီး အဖွဲ့အစည်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး ဆောင်ရွက်နိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု ပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပါသည်။ ကျေးရွာတွင် ပြင်ပမှ ဖွဲ့စည်းပေးသော လူမှုရေးဆိုင်ရာအဖွဲ့အစည်းများ မရှိပါကြောင်းတွေ့ရသည်။

(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် စပါးကို အဓိကစိုက်ပျိုးကြသည်။ အခြားရာသီအလိုက်သီးနှံများကို အနည်းငယ်သာစိုက်ပျိုးကြသည်။ ကျေးရွာတွင် စပါးစိုက်ဧကမှာ (၈၀၀)ခန့်ရှိပြီး တစ်ဧကလျှင် အနည်းဆုံး(၄၀တင်း)ခန့်နှင့် အများဆုံး(၆၀တင်း)ခန့် ထွက်ရှိကြသည်။ အမြတ်ရရှိနိုင်မှုမှာ အလယ်အလတ်အဆင့်သာ ရှိသည်။ စိုက်ပျိုးရေအတွက် မိုးရေကိုသာအဓိကအသုံးပြုပြီး စိုက်ပျိုးကြသည်။

စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုများ၊ မျိုးကောင်းမျိုးသန့်များ ဝန်ဆောင်မှုများပေးသည်။ မိုးတွင်းချိန်တွင် တစ်ခါတစ်ရံ မိုးများ၍ သီးနှံစိုက်ခင်းအနည်းငယ်ထိခိုက်ပျက်စီးဆုံးရှုံးများရှိတတ်ပါသည်။ စိုက်ပျိုးမြေဆီများမှာ အလယ်အလတ်သာကောင်းမွန်သဖြင့် ဓါတ်မြေဩဇာများ ထည့်သွင်းစိုက်ပျိုးကြသည်။ ဓါတ်မြေဩဇာများကို သီးနှံအထွက်တိုးစေရန် အဓိက အားထားရသဖြင့် ဓတ်မြေဩဇာများ အချိန်မှီ မထည့်သွင်းနိုင်ပါက အထွက်နှုန်းလျော့နည်းစေပါသည်။ စိုက်ပျိုးရေးအတွက် လိုအပ်သည့် သွင်းအားစုများဖြစ်သော ဓါတ်မြေဩဇာများ၊ပိုးသတ်ဆေးများ အချိန်မှီသယ်ယူရာတွင် ထောက်ခံချက်မရှိလျှင် တားဆီးစစ်ဆေးမှုများရှိသဖြင့် စိုက်ပျိုးရေးဦးစီးဌာန၏ စိုက်ပျိုးရေးသွင်းအားစုသယ်ယူခွင့်ထောက်ခံချက်များရရှိရန် လိုလား နေကြသည်။

ကျေးရွာတွင် ဝက်မွေးမြူသည့်အိမ်ထောင်စုအရေအတွက်များ တစ်ရွာလုံး၏(၂၄.၉%)ဝန်းကျင်သာရှိပြီး ဒေသမှ ဝက်မျိုးများကို မွေးမြူကြသည်။ ဒေသကြက်၊နှင့်ဘဲမွေးသည့် အိမ်ထောင်စုများသည် စီးပွားဖြစ်မွေးမြူနိုင်ခြင်းမရှိကြပါ။ တစ်အိမ်ထောင်စုအလိုက် တစ်ပိုင်တစ်နိုင်စားရေးသောက်ရေးအတွက် သာမွေးမြူကြသည်။ ရာသီအလိုက်ဖြစ်ပွားတတ်သော တိရစ္ဆာန်ဖျားနာခြင်းရောဂါ၊ကြက်နာကျရောဂါနှင့်အအေးဒဏ်ကြောင့်ဖြစ်တတ်သည့်ရောဂါများ ဖြစ်ပွားတတ်သည်။ မွေးမြူရေးဆိုင်ရာ ဝန်ဆောင်မှု၊ နည်းပညာများကို မြို့နယ်မွေး/ကုဋ္ဌီးစီးဌာနမှ ရရှိနိုင်သော်လည်း ဝန်ထမ်းမလုံလောက်မှုကြောင့် လွှမ်းခြုံဆောင်ရွက်မှု အားနည်းသည်။ မွေးမြူရေးလုပ်ငန်းတိုးချဲ့စီးပွားဖြစ်မမွေးနိုင်ခြင်းမှာ မွေးမြူရေးလုပ်ငန်းသည် အမြတ်များများမရရှိခြင်း၊ ဆုံးရှုံးမှုရှိခြင်း၊ အစားရှာခက်ခဲခြင်း၊မွေးမြူရေးအလုပ်သမားရရှိရန်ခက်ခဲခြင်း၊ စနစ်တကျမထိန်းသိမ်းနိုင်ပါကစိုက်ပျိုးရေးလုပ်ငန်းအတွက် အနှောက်အယှက်ဖြစ်စေခြင်း၊ မွေးမြူရေးဆိုင်ရာနည်းပညာအားနည်းခြင်းတို့ကြောင့်ဖြစ်သည်။ ကျေးရွာတွင် ငါးမွေးမြူရေးလုပ်ငန်းလုပ်ကိုင်ခြင်းမရှိပါ။

(ဂ)စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်း မရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာ လက်လုပ်လုပ်စားကျပန်း၊ ဈေးရောင်း၊လက်သမား၊ ဆိုင်ကယ်ပြုပြင်ရေး၊ဘာသာရေးဝန်ထမ်းနှင့် ရေမဆေးကျောက်စိမ်းရှာလုပ်ငန်းတို့ဖြစ်ကြသည်။ ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ကိုင်သူများသာ ဝင်ငွေပုံမှန်ရှိကြသော်လည်း လက်လုပ်လက်စားကျပန်းသမားများမှာ အလုပ်အကိုင်အတည်တကျမရှိခြင်းကြောင့် ဝင်ငွေပုံမှန်မရရှိကြပါ။ အလုပ်အကိုင်အတည်တကျမရှိခြင်းမှာ အတတ်ပညာတတ်ကျွမ်းမှုအားနည်းခြင်း၊ စိတ်ဝင်စားမှုနည်းပါးခြင်း၊ငွေကြေးအရင်းအနှီးမရှိခြင်း၊ပုံမှန်ဝင်ငွေရအလုပ်များမရှိခြင်းတို့ကြောင့် ဖြစ်သည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သောအရွယ်လူဦးရေ များပြားပြီး ထိုအခြေအနေမှာ ကျေးရွာ၏ အလားအလာကောင်းတစ်ရပ်ဖြစ်သည်။ ဖားကန့်မြို့ပေါ်တွင် သက်မွေးဝမ်းကျောင်းသင်တန်းအချို့ကို ဝန်ဆောင်မှုပေးနိုင်သော လုပ်ငန်းများရှိကြသည်။ အပ်ချုပ်၊ ဆံပင်အလှပြုပြင်၊ မိတ်ကပ် အလှပြုပြင်၊ မော်တော်ဆိုင်ကယ်ပြုပြင်၊ မိုဘိုင်းဖုန်းပြင်၊ ကားမောင်း၊ဝပ်လျှော့၊ကျောက်ဖြတ်ခုံစသည့် သက်မွေးဝမ်းကျောင်းသင်တန်းများဖြစ်ကြသော်လည်း ရွာသားအများစုသည် အဆိုပါသင်တန်းများနှင့်အထိအတွေ့နည်းပါးကြသည်။ လုပ်ငန်းခွင်သုံးပညာအရည်အချင်းပိုင်းတွင်လည်း အနည်းငယ်နိမ့်ကျကြပြီး သင်တန်းစရိတ်အကုန်အကျခံရန်နှင့် လုပ်ငန်းထူထောင်ရန် မတတ်နိုင်ကြပါ။ ကျေးရွာရှိ ချောင်းမှ သဲထုတ်ယူလုပ်ကိုင်နိုင်သော်လည်း ကျေးရွာသား
များလုပ်ကိုင်နိုင်ခြင်းမရှိဘဲ အခြားစီးပွားရေးသမားများသာ လုပ်ကိုင်ထုတ်လုပ်ကြသည်။

(ဃ) သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာတွင် သီးနှံစိုက်ခင်းများတွင် မြေဆီမကောင်းသဖြင့် အထွက်နှုန်းတိုးစေရန် ဓါတ်မြေဩဇာများ၊ထည့်သွင်းသုံးစွဲမှုများပြားမှုကြောင့် မြေဆီလွှာအရည်အသွေးပိုမို ကျဆင်းလာနိုင်သည်။ စိုက်ခင်းတောင်သူများအနေဖြင့် သဘာဝအော်ဂဲနစ်မြေဩဇာများ စနစ်တကျသုံးစွဲမှုမရှိခြင်း၊နည်းပညာများမသိခြင်းတို့ကြောင့် ဓါတ်မြေဩဇာများကိုသာ အသုံးပြုမှု များပြားသည်။ ဘက်စုံပိုးမွှားနှိမ်နှင်းရေးစနစ်အစား ဓါတုပိုးသတ်ဆေးများသာ သုံးစွဲမှုများပြားသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင် ကျေးရွာစွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုစနစ်ရှိသဖြင့် တစ်ရွာလုံးသတ်မှတ်ထားသည့် စွန့်ပစ်နေရာများတွင် စနစ်တကျစွန့်ပစ်ကြပြီး စည်းကမ်းမဲ့စွန့်ပစ်မှု အနည်းငယ်သာရှိတတ်သည်။

၂၀၁၅ခုနှစ်၊မိုးတွင်းကာလ ဇူလိုင်လနှင့်စက်တင်ဘာလတို့တွင် ကျေးရွာအနီးရှိ စွန့်ပစ်ရတနာမြေစာပုံများ မိုးရွာသွန်းမှုကြောင့် မြေစာများ ချောင်းရေကြောင်းထဲဝင်ရောက်ပိတ်ဆို့မှုကြောင့် ရေကြီးရေလွှမ်းမှုဖြစ်ပြီး ကျေးရွာ၏အနိမ့်ပိုင်းရှိ နေအိမ်များ စိုက်ခင်းများ ထိခိုက်ပျက်စီးဆုံးရှုံးမှုဖြစ်ခဲ့ပါသည်။ ကျေးရွာအနီးရှိ ချောင်းအား ရေကြောင်းဖော်ရှင်းလင်းခြင်း၊ မြေစာများ ချောင်းရေထဲမဝင်နိုင်အောင် သတ်မှတ်နေရာများတွင် စွန့်ပစ်စေခြင်းတို့ ဆောင်ရွက်ထားနိုင်သဖြင့် ယခုနောက်ပိုင်းနှစ်များတွင် ရေကြီးရေလွှမ်းမှုဘေးအန္တရာယ်မရှိသလောက်လျော့နည်းခဲ့ပါသည်။

(c) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှပြည်သူများ မိသားစုဝင်ငွေတိုးပွားလာစေရန် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ခုဘဏ္ဍာရေးနှစ်တွင် 'မြစိမ်းရောင်ကျေးရွာစီမံကိန်း'ရန်ပုံငွေကျပ်သိန်း(၃၀၀)ထောက်ပံ့ပေးခဲ့ပါသည်။ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီအားအဖွဲ့ဝင်(၇)ယောက်ဖြင့် ဖွဲ့စည်းပေးပြီး ရန်ပုံငွေအား ကြီးကြပ်ဆောင်ရွက်စေခဲ့ပါသည်။ မြစိမ်းရောင်ရန်ပုံငွေ ချေးငွေကာလမှာ (၁)နှစ်ဖြစ်ပြီး အတိုးနှုန်းမှာ(၁ကျပ်ခွဲ)ဖြင့် (၆)လတစ်ကြိမ်အတိုးပြန်လည်ပေးဆပ်ရပါသည်။ ရန်ပုံငွေအား ချေးယူလိုလျှင် ချေးငွေလျှောက်လွှာများဖြည့်စွက်ပြီး အာမခံနှစ်ဦးဖြင့် ချေးယူလျှောက်ထားနိုင်သည်။ ကျေးရွာကော်မတီမှ အတည်ပြုပေးပြီး မြို့နယ်ကော်မတီသို့စိတ်သဘောထားမှတ်ချက်ပေးနိုင်ရန် တင်ပြအတည်ပြုခံယူပြီး ချေးယူနိုင်ပါသည်။ ကျေးရွာတွင် လယ်ယာလုပ်ငန်းများ ရှိသဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော ချေးငွေများရရှိပါသည်။ သမဝါယမအသင်းကို ဖွဲ့စည်းပေးခြင်း မရှိသေးပါ။

ကျေးရွာသားအများစုသည် ချေးငွေကို အကြောင်းရင်းမျိုးစုံ (လုပ်ငန်းများ၊ရိက္ခာ၊ကျန်းမာရေး၊ပညာရေး)တို့အတွက် ချေးယူကြပါသည်။ ကျေးရွာတွင် အကြွေးထားရှိမှုအနေအထားကို လေ့လာဆန်းစစ်ချက်အရ ပါဝင်သော ဆင်းရဲနှင့်အလွန်ဆင်းရဲအိမ်ထောင်စုများအားလုံးသည် အကြွေးယူထားကြပြီး အကြွေးငွေမှာ တစ်သောင်းကျပ်မှ သိန်းနှစ်ဆယ်ကျပ်ထိချေးယူထားကြောင်း တွေ့ရှိရသည်။ ထိုအိမ်ထောင်စု၏ ၈၀%သည် အကြွေးငွေငါးသိန်းကျပ်အောက် ချေးယူထားပြီး ၂၀%သည် ငါးသိန်းအထက်ချေးယူထားကြောင်း တွေ့ရှိရပါသည်။

(စ) ပညာရေး၊ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာရှိ မူလတန်းမှ သတ္တမတန်းအထိကို ကျေးရွာရှိ မူလွန်ကျောင်းတွင် ပညာသင်ကြားပေးသည်။ ရွာသားအားလုံးမှာ ရေးတတ်ဖတ်တတ်ကြသည်။ အောင်ချက်ရာခိုင်နှုန်းသည် ရခိုင်နှုန်းပြည့်အောင်မြင်သည်။ ယခုနှစ် ကျောင်းအပ်နှံသည့် ကျောင်းသားဦးရေမှာ ကျား-၉၅၊မ-၇၄ စုစုပေါင်း-၁၆၉ဦးဖြစ်ပြီး ကျေးရွာရှိ မူလွန်အရွယ်ကလေးအားလုံးကျောင်းအပ်နှံ ကြသည်။ ကျောင်းတွင် ဆရာ/ဆရာမ-၁၁ဦးရှိပြီး ကျေးရွာမှခန့်သည့် ဆရာမမှာ (၄)ဦးရှိသဖြင့် ဆရာ၊မအင်အားလုံလောက်မှုရှိသည်။ လွန်ခဲ့သောကျောင်းဖွင့်ရာသီတွင် မူလတန်းကျောင်းအတွက် ပြဋ္ဌာန်းစာအုပ်များနှင့်လေ့ကျင့်ခန်းစာအုပ်များကို အခမဲ့ပံ့ပိုးပေးခဲ့သည်။ ကျောင်းတွင် ပရိဘောဂများ၊ ကျောင်းသုံးပစ္စည်းများ၊ သင်ကြားမှုသင်ထောက်ကူပစ္စည်းများ လုံလောက်မှုမရှိပါ။ ကျေးရွာရှိ အဋ္ဌမတန်းနှင့်အထက်တန်းကျောင်းအဆင့် ကျောင်းသားများသည် လုံးခင်းကျေးရွာ အ.ထ.ကကျောင်းသို့ သွားရောက်ပညာသင်ကြားကြသည်။ ကျေးရွာရှိ စာသင်ကျောင်းဆောင်၏အမိုးမှာ ပေါက်ပြဲနေပြီး အိမ်သာမှာလည်းလုံလောက်မှုမရှိပါ။ ကျေးရွာရှိ ငွေကြေးတတ်နိုင်သည့် အိမ်ထောင်စုအချို့၏ ကျောင်းသားများသာ မြို့ပေါ်ရှိ ဘော်ဒါဆောင်များသို့ထားနိုင်ကြသော်လည်း ငွေကြေးမတတ်နိုင်သည့် အိမ်ထောင်စု များ၏ ကျောင်းသားကလေးများသည် ခြေလျင်ဖြင့် ကျေးရွာမှ(၁)မိုင်ခန့်ရှိ လုံးခင်းကျေးရွာသို့ သွားရောက်သင်ကြားကြရပါသည်။

ကျေးရွာနှင့် (၁)မိုင်ခန့်အကွာတွင် တိုက်နယ်ဆေးရုံရှိပြီး (၅)မိုင်ခန့်အကွာတွင် ဖားကန့်မြို့နယ်ဆေးရုံကြီးတို့ရှိသည့်အတွက် ကျန်းမာရေးစောင့်ရှောက်မှုအား အဆင်ပြေချောမွေ့စွာကုသနိုင်ပါသည်။ ကျေးရွာအတွင်း၌လည်း ဆေးဆိုင်များရှိသဖြင့် လိုအပ်သောဆေးများကို လွယ်ကူစွာဝယ်ယူရရှိနိုင်ပါသည်။ အပြင်းအထန်ဖျားလျှင်လည်း အလျှင်အမြန်ဆေးဝါးကုသမှုခံယူနိုင်ရန်အတွက် လူမှုကူညီရေးအဖွဲ့ဖွဲ့စည်းထားရှိပြီး ဆေးရုံ၊ ဆေးရုံကြီးများသို့ သွားရောက်ရန် လူမှုကူညီရေးမော်တော်ယာဉ်များရှိသဖြင့် သွားလာရလွယ်ကူပြီး လမ်းပန်းဆက်သွယ်ရေးမှာလည်းကောင်းမွန်သဖြင့် အဆင်ပြေချောမွေ့စွာသွားလာနိုင်သည် ကို တွေ့ရှိရသည်။

ကျေးရွာတွင် သောက်ရေသုံးရေအတွက် ကျေးရွာအနီးရှိ စိမ့်စိမ်းရေချောင်းများမှ ရေပိုက်သွယ်ယူသုံးစွဲကြပြီး အိမ်ထောင်စုအချို့မှာ လက်တူးတွင်းမှ ရေရယူသုံးစွဲမှုရှိပြီး သာမာန်အားဖြင့် လုံလောက်မှုရှိသည်။ နွေရာသီပိုင်းတွင် စိမ့်စမ်းရေနှင့် လက်တူးတွင်းတို့မှ သောက်သုံးရေထွက် လျော့နည်းလာသဖြင့် သောက်သုံးရေ မလုံလောက်မှု အနည်းငယ် ရှိသည်။ ချမ်းသာသော အိမ်ထောင်စုအနည်းငယ်မှာ အိမ်သာကျင်းကို အုတ်ဖြင့်ဆောက်လုပ်ထားကြပြီး အလယ်အလတ်နှင့်ဆင်းရဲသောအိမ်ထောင်စုများမှာ မြေကျင်းတူးအဖုံးဖုံးပြီး သွပ်မိုးပျဉ်ထောင်၊ဝါးထရံထောင်ယင်လုံအိမ်သာများ သုံးစွဲကြသည်။ တစ်ရွာလုံးယင်လုံအိမ်သာဆောက်လုပ်သုံးစွဲကြသဖြင့် ရေကြောင့်ဆက်စပ်ဖြစ်ပွားတတ်သော ရောဂါဖြစ်ပွားမှု နည်းပါးကြသည်။ စာသင်ကျောင်းတွင်လည်း ကျောင်းယင်လုံအိမ်သာများ စနစ်တကျ ဆောက်လုပ် ထားရှိပြီး ကျောင်းသူ/သားများအတွက် အသုံးပြုရန် လွယ်ကူသည်။

(ဆ) လူငယ်နှင့်ယဉ်ကျေးမှု

ကျေးရွာလူငယ်များအတွက် ကျန်းမာရေးအားကစားလုပ်ရန် ကျေးရွာပိုင်ဘောလုံးကွင်းနှင့် ပိုက်ကျော်ခြင်ကွင်းတို့ရှိသည်။ လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့် သီးသန့်နေရာမရှိပါ။ လူငယ်များသည် ကျေးရွာ၏လူမှုရေးလုပ်ငန်းများ၊ဘာသာရေးပွဲတော်များ၊နှင့်ရိုးရာဓလေ့ပွဲတော်များတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြသည်။ လူငယ်များမူးယစ်ဆေးဝါးသုံးစွဲမှု ကင်းစင်လာစေရန် နှစ်စဉ် ဘောလုံးပွဲများ၊ပိုက်ကျော်ခြင်၊နှင့်အခြားအားကစားများ စီစဉ်ကျင်းပပေးသည်။ လူငယ်များအတွက် ကျေးရွာတွင် မိသားစုစိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းများသာရှိပြီး အလုပ်အကိုင်အတည်တကျလုပ်ကိုင်နိုင်သည့် အလုပ်ရှားပါးသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်သည့် (မြစိမ်းရောင်စီမံကိန်း၊ VDP ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း)တို့တွင် လူငယ်များ ပူးပေါင်းပါဝင်ကြသည်။

(ဇ) အခြေခံအဆောက်အဦး– လမ်း၊တံတား၊လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

ကျေးရွာရှိ ရွာတွင်းလမ်းမှာ မြေသားလမ်းဖြစ်ပြီး ဆိုင်ကယ်၊ကား၊ထော်လဂျီ၊သုံးဘီးဆိုင်ကယ်များကို အသုံးပြု မောင်းနှင်းကြသည်။ ရေလမ်းခရီး အသုံးပြုမှုမရှိဘဲ လမ်းပန်းဆက်သွယ်ရေးအတွက် မော်တော်ဆိုင်ကယ်(၂၇၆)စီး၊စက်ဘီး(၁၇)စီး၊သုံးဘီးဆိုင်ကယ်(၁၁)စီးနှင့်ကား(၃၇)စီးတို့ကို အသုံးပြုလျှက်ရှိသည်။

ကျေးရွာတွင် မဟာဓါတ်အားလိုင်းမှလျှပ်စစ်မီးကို မရရှိပါ။ ကျေးရွာတစ်ရွာလုံးတွင် ဆိုလာစနစ်ဖြင့်သာ လျှပ်စစ်မီးရရှိသုံးစွဲကြသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို စျေးကွက်နှင့်အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လှက်လှမ်းမှီအသုံးပြုနိုင်ပါသည်။ ကျေးရွာတွင် အင်တာနက် အသုံးပြုနိုင်မှုမှာ ကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။ ကျေးရွာတွင် စာကြည့်တိုက်ရှိပါသည်။

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် သာမာန်ခိုးမများသာ ဖြစ်ပွားပြီး ရာဇဝင်မှုခင်းများ ဖြစ်ပွားမှု နည်းပါးသဖြင့် တည်ငြိမ်းအေးချမ်းမှုရှိခြင်းကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုတို့ ချောမွေ့စေသည်။ ကျေးရွာတွင် နေထိုင်သည့် တိုင်းရင်းသားလူမျိုးစုများသော်လည်း လူမျိုးစုပြဿနာ၊ ဘာသာရေးပြဿနာများ၊ လူနည်းစုမျိုးနွယ်များအပေါ် ထိခိုက်မှုများ မရှိပဲ ရွာသားအချင်းချင်း သင့်မြတ်အေးချမ်းစွာ နေထိုင်ကြသည်။ အာမခံစနစ်ကို ချိတ်ဆက်ဆောင်ရွက်ထားသူ မရှိသလောက်နည်းပါးသည်။ ရွာသားများသည် မြို့နယ်ရဲစခန်း၊ရဲကင်းများသို့ အလွယ်တကူချိတ်ဆက်နိုင်ပြီး ကျေးရွာတွင် ရာဇဝတ်မှုဖြစ်ပွားခြင်း နည်းပါးသည်။ ကျေးရွာတွင် လူကုန်ကူးမှု ဖြစ်ပွားခြင်းမရှိပါ။ လုယက်မှု၊ အကြမ်းဖက်မှုနှင့် ခိုးမှုများသာ အများဆုံးဖြစ်ပွားသည်ကို တွေ့ရှိရသည်။

၅။ ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊အဟန့်အတားနှင့်စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေများ

ဖားကန့်မြို့နယ်သည် ကျောက်မျက်ရတနာများ ထွက်ရှိသည့် နယ်မြေဖြစ်သော်လည်း ဤလယ်ပြင်ကျေးရွာအနီးတွင် ကျောက်စိမ်းလည်းထွက်ရှိပြီး စိုက်ပျိုးရေး၊မွေးမြူရေးနှင့်အရောင်းအဝယ်လုပ်ငန်းများသာ အဓိကလုပ်ကိုင်ကြပြီး အေးချမ်းတည်ငြိမ်စွာတည်ရှိသည့် ကျေးရွာဖြစ်သည်။

ကျေးရွာတွင် လူငယ်ပညာတတ်များအတော်အသင့်ရှိပြီး လူဦးရေ၏(၆၆.၅%)မှာ အလုပ်လုပ်နိုင်သည့် အရွယ်များဖြစ်ကြသည်။ ဘွဲ့ရအရေအတွက် အသင့်အတင့်ရှိပြီး ကျွမ်းကျင်မှုနှင့် သက်မွေးဝမ်းကျောင်းသင်တန်းများကို လူငယ်များအား လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်များကို တိုးတက်ကောင်းမွန်လာစေပါမည်။ ကျေးရွာသားများအနေဖြင့် စိုးရိမ်ရသော အရေးပေါ်ဆေးဝါးကုသခံယူမှုအတွက် လုံးခင်းတိုက်နယ်ဆေးရုံနှင့် ဖားကန့်မြို့နယ်ဆေးရုံသို့ လွယ်ကူစွာသွားရောက်၍ ဆေးကုသမှုခံယူနိုင်ကြသည်။ ကျေးရွာတွင် စာသင်ကျောင်းနှင့်ပံ့ပိုးပစ္စည်းများမှာ အနည်းငယ်သာရှိပြီး ကျောင်းသုံးစာရေးကိရိယာများနှင့် ပရိဘောဂပစ္စည်းများ၊ ယင်လုံအိမ်သာများရရှိနိုင်ရန် လိုအပ်လျက်ရှိပါသည်။

သဘာဝအရင်းအမြစ်များတွင် ကျေးရွာပတ်လည် တောင်တန်း၊တောင်ကုန်းများ သစ်တောများ၊ စိမ့်စမ်းရေ၊ချောင်းရေများ ပတ်လည်ဝန်းရံလျက်ရှိပါသည်။ ကျေးရွာသည် တောင်ပေါ်မြေပြန့်ဒေသဖြစ်ပြီး စိုက်ခင်းမြေများသည် မြေဆီဩဇာမှာ အလယ်အလတ်ကောင်းမွန်သည်။ သီးနှံစိုက်ခင်းတောင်သူများလည်း စိုက်ခင်းသီးနှံထုတ်ကုန်များကို အလွယ်တကူသယ်ယူပို့ဆောင်ပေးနိုင်သည်။ ကျေးရွာအနီးရှိ စိမ့်စမ်းရေမှ စိုက်ခင်းများအတွက် ပိုက်ဖြင့်သွယ်ယူသုံးစွဲစိုက်ပျိုးနိုင်သည်။ ကျေးရွာသည် ဖားကန့်မြို့နှင့် လုံးခင်းကျေးရွာများသို့မော်တော်ယာဉ်၊ ဆိုင်ကယ်များဖြင့် ကျေးရွာထွက်ကုန်များကို အချိန်မှီ တင်ပို့ရောင်းချနိုင်သည်။ဖားကန့်မြို့သို့ ကျေးရွာ၏စိုက်ပျိုးရေးထွက်ကုန်သီးနှံဟင်းသီးဟင်းရွယ်များရောင်းချရန် စျေးကွက်ကောင်းသဖြင့် သီးနှံစိုက်ခင်းများတိုးချဲ့စိုက်ပျိုးရန် အခွင့်အလမ်းသာသည်။ စိုက်ပျိုးရေးဦးစီးဌာနမှ လိုအပ်သော နည်းပညာပိုင်းဆိုင်ရာ ဝန်ဆောင်မှု ပံ့ပိုးမှုကိုလည်း တိုးမြှင့် ဆောင်ရွက်ပေးရန် လိုအပ်သည်။

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို စျေးကွက်နှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမှီအသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမှာ ကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။

(ခ) အဟန့်အတားနှင့်စိန်ခေါ်မှု

ကျေးရွာရှိ စိုက်ခင်းမြေဆီလွှာများသည် သီးနှံအထွက်နှုန်းတိုးစေရန် ဓါတ်မြေဩဇာများထည့်သွင်းအသုံးပြုမှု များပြားသဖြင့် မြေဆီလွှာများ ပိုမိုညံ့လာနိုင်သည်။ ကျေးရွာ၏ စိုက်ချင်းမြေကို ထပ်မံတိုးချဲ့၍ မရရှိနိုင်သဖြင့် စိုက်ခင်းသမားများအဖို့ အထွက်နှုန်းတိုးမြင့်အောင် အားစိုက်ရပေမည်။

စိုက်ပျိုးရေးရယူသုံးစွဲနေသည့် စိမ့်စမ်းရေချောင်းမှာ သစ်တောများ ပြုန်းတီးလာသဖြင့် ရေထွက်အား လျော့နည်းလာပြီး စိုက်ပျိုးရေမလုံလောက်မှု ဖြစ်လာပါသည်။ ကျေးရွာအနေဖြင့် သစ်တောများ ပြုန်းတီးလာမှု မဖြစ်စေရန် ဝိုင်းဝန်းထိန်းသိမ်းသင့်ပါသည်။ မိုးရာသီ စိုက်ပျိုးရေ လုံလောက်စွာရရှိစေရန် ရေသုံးစွဲသူစုဖွဲ့ပြီး လက်တူးတွင်းတူးဖော်ရန်လိုအပ်သည်။ စိုက်ခင်းတောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နှင်းရေး ကျင့်သုံးနိုင်ရေး အထောက်အပံ့များ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ဆောင်မှုများ ရရှိရန်လိုအပ်သည်။

လူငယ်များသည် မူးယစ်ဆေးဝါးများအား လွယ်ကူစွာ ဝယ်ယူသုံးစွဲနိုင်သဖြင့် မူးယစ်ဆေးဝါးအန္တရယ်သည် ကျေးရွာ၏ တက်သက်လူငယ်များ ဖွံ့ဖြိုးတိုးတက်လာစေရန် ကြီးမားသည့် အဟန့်အတားတစ်ရပ်ဖြစ်ပါသည်။ မူးယစ်အန္တရာယ်ကင်းစင်လာရန် အသိပညာဗဟုသုတပေးပွဲကျင်းပပေးခြင်း အားကစားပျော်ပွဲရွှင်ပွဲများ ကျင်းပဆောင်ရွက်ပေးရန်လိုအပ်သည်။

ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းမရှိသဖြင့် အလုပ်အကိုင်နှင့်ဝင်ငွေပုံမှန်ရရှိရေးအတွက် အကန့်အသတ်ရှိနေပါသည်။ ဒေသတွင်လည်း ကုန်ထုန်လုပ်ငန်းအတွက် လိုအပ်သည့် ကုန်ကြမ်း၊အတတ်ပညာ၊အထိတွေ့တို့ရရှိမှုအားနည်းပါသည်။

၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီးလာမည့် ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်းချမှတ်ထားပါသည်-

(၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကုန်ထုတ်လုပ်မှု မြှင့်တင်ခြင်း၊ အလုပ်အကိုင်များဖန်တီးပေးခြင်း၊ သက်မွေးပညာသင်တန်းများရရှိခြင်းမှ တစ်ဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွားရေးအနေအထားကို တိုးတက်ရရှိမည်၊

(၂) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျေးရွအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်လာစေရန် သက်ဆိုင်ရာဌာနအဖွဲ့အစည်းနှင့်ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းနှင့် သတင်းအချက်အလက်များ၊ ဈေးကွက်နှင့်အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် အချိန်နှင့်တစ်ပြေးညီ လက်လှမ်းမှီအသုံးပြုစေရန် ဆက်သွယ်ရေး ဖုန်းလိုင်းများ ကောင်းမွန်စွာ အသုံးပြုနိုင်စေမည်။

(၃) ကျွန်ုပ်တို့ကျေးရွာလူထုသည် စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန်သော ပညာရေးမှတစ်ဆင့် ကလေးငယ်များ၏ လူသားဆိုင်ရာစွမ်းဆောင်ရည် နယ်ပယ်ကို ကျယ်ဝန်းလာစေရမည်။

(၄) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျန်းမာရေးစောင့်ရှောက်မှု ဝန်ဆောင်မှု ကောင်းမွန်ပြည့်ဝစွာ ရရှိစေခြင်းနှင့် ကျန်းမာရေး အသိပညာဗဟုသုတ

ကျယ်ပြန့်စွာ သိရှိပြီး ကျန်းမာစွာ လိုက်နာနေထိုင်တတ်စေမည်။

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင် ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါ အကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်-

(၁)ကျေးရွာတွင် နည်းပညာ၊နည်းပညာအသုံးချနိုင်စွမ်းရရှိရေး စိုက်ပျိုးရေးလုံလောက်ရရှိရေးနှင့် စိုက်ပျိုးရေးသွင်းအားစုများ သယ်ယူနိုင်ရန် ထောက်ခံချက်များရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေး နည်းပညာများ ထွန်းကားလာရေးအတွက် စိုက်ပျိုးရေး၊မွေးမြူရေးနည်းပညာသင်တန်းများ တက်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာနည်းပညာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။ သင်တန်းတက်ရောက်ထားသူများက တစ်ဖန်ကျေးရွာတွင် ရရှိထားသော နည်းပညာများကို မျှဝေပေးပြီးမိမိတို့ကိုယ်တိုင် လုပ်ငန်းများတွင် အသုံးချကာ ထုတ်လုပ်မှု တိုးတက်စေမည်။ သက်ဆိုင်ရာနည်းပညာဌာနများနှင့် ချိတ်ဆက်၍ စိုက်ပျိုးရေး၊မွေးမြူရေးနည်းပညာဗဟုသုတများ အသိပညာပေး ဟောပြောပွဲများ ကျင်းပပေးနိုင်ရန် ဆောင်ရွက်သွားမည်။ ထိုအပြင် စိုက်ပျိုးရေးအတွက် ရေရှိမှု ပြည့်ဝလုံလောက်စွာ ရယူသုံးစွဲနိုင်ရန် ရေသုံးစွဲ သူများ စုဖွဲ့ပြီး လက်တူးတွင်းများ တူးဖော်ဆောင်ရွက်သွားမည်။ စိုက်ပျိုးရေ ရရှိရေး သက်ဆိုင်ရာဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။ စိုက်ပျိုးရေ အတွက် အရေးကြီးသော စိုက်ပျိုးရေးဆိုင်ရာ သွင်းအားစုများ (ဓါတ်မြေဩဇာ၊ ပိုးသတ်ဆေး) သယ်ယူရာတွင် လွယ်ကူစွာ သယ်ယူအသုံးပြုနိုင်ရေး စိုက်ပျိုးရေး ဦးစီးဌာန၏ သယ်ယူခွင့် ထောက်ခံချက် ရရှိအောင် ချိတ်ဆက်ဆောင်ရွက်သွားမည်။

(၂) ကျွန်တို့သည် လက်သမား/ပန်းရံ၊ အပ်ချုပ်၊ မော်တော်ဆိုင်ကယ်ပြင်နှင့် ကျောက်ဖြတ်သင်တန်းစသည့် သက်မွေးဝမ်းကျောင်းသင်တန်းများ တက်ရောက်နိုင်ရန် သင့်တော်သော သင်တန်းသားများကို တက်ရောက်နိုင်ရန် စီစဉ်ပေးမည်။ ထိုသင်တန်းများသည် ကျေးရွာသားများအတွက် သက်မွေးပညာကျွမ်းကျင်မှုများကို တိုးပွားရရှိစေပြီး ဝင်ငွေရလုပ်ငန်းများ ထူထောင်တိုးချဲ့နိုင်ရန် အရင်းအနှီးလုပ်ငန်းအစီအစဉ်နှင့် ချိတ်ဆက်ပေးမည်။

(၃) ကျေးရွာတွင် ကျေးရွာလမ်း၊တံတားနှင့် ကျေးလက်ကျန်းမာရေးဆေးပေးခန်းတို့ ဆောက်လုပ်ကာ ကျေးရွာ၏အခြေခံအဆောက်အအုံများ တိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်သွားမည်။ ထိုအပြင် ကျေးရွာအခြေခံအဆောက်အအုံများကို အသုံးပြုစီမံခန့်ခွဲထိန်းသိမ်းရေးအတွက် စီမံခန့်ခွဲနိုင်စွမ်းကိုလည်း တိုးတက်အောင် ဆောင်ရွက်သွားမည်။

(၄) ကျေးရွာတွင် အခြားကျောင်းများသို့ ပညာသွားရောက်သင်ကြားနေသည့် ကျောင်းသားများ ဘေးကင်းလုံခြုံမှုရှိစေရန်၊ ပညာဆည်းပူးမှုတိုးတက်ကောင်းမွန်လာစေရန် ကျောင်းကြို/ပို့မော်တော်ယာဉ်များ၊အစီအစဉ်များ စီစဉ်ဆောင် ရွက်ပေးမည်။ လူငယ်များ စာပေဖတ်ရှုလေ့လာမှုအားကောင်းလာစေရန်နှင့် အသိပညာဗဟုသုတများ မြှင့်မားလာစေရန်အတွက် သက်ဆိုင်ရာဌာနအဖွဲ့အစည်း၊စာပေပညာရှင်များနှင့်ချိတ်ဆက်၍ စာကြည့်တိုက်နှင့်စာပေဖတ်ရှုလေ့လာနိုင်မည့်နေရာများရရှိစေရေး၊စာပေဟောပြောပွဲများစီစဉ်ကျင်းပနိုင်ရေး ဆောင်ရွက်သွားမည်။

(၅) ကျေးရွာတွင် ရိုးရာဓလေ့အစဉ်အလာများကြောင့် ကျား/မ တန်းတူအခွင့်အရေးဆိုင်ရာ ခွဲခြားဆက်ဆံမှုမရှိစေရန် မြို့နယ်အဖွဲ့အစည်းများ၏အကူအညီရယူပြီး အမျိုးသမီးများ နှင့်အမျိုးသားများ လုပ်အားခများတန်းတူရရှိရေး၊ စီမံအုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ တန်းတူညီမျှပါဝင်နိုင်စေရေး ကျား/မအခွင့်အလမ်းဆိုင်ရာကိစ္စရပ်များ ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးခြင်းအစီအစဉ်များ ဆောင်ရွက်ပေးမည်။

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေး ရည်မှန်းချက်ရေးဆွဲပေးခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမူသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်ုပ်တို့သည် ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့်အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျက်ပမာဏပါဝင်သည့် နှစ်ပတ်လည်ဖွံ့ဖြိုးရေးစီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

(ခ) စိုက်ပျိုးရေးဆိုင်ရာ အရေးကြီးသည့် သွင်းအားစုများ

ကျေးရွာတွင် စပါးကို အဓိကစိုက်ပျိုးလုပ်ကိုင်ကြသည်။ စိုက်ခင်းတောင်သူများအတွက် စိုက်ခင်းများ စိုက်ပျိုးရန် စိုက်ပျိုးမြေများသည် ဓါတ်မြေဩဇာအချိန်မီ ထည့်သွင်းအသုံးပြုမှသာ သီးနှံအထွက်နှုန်းတိုးစေသဖြင့် ဓါတ်မြေဩဇာအချိန်မှီ ရရှိနိုင်ရန်နှင့် ဖျက်ပိုးထိရောက်စွာနှိမ်နှင်းရေးအတွက် ဓါတုပိုးသတ်ဆေးများအစား ဘက်စုံဖျက်ပိုးနှိမ်နှင်းရေး နည်းပညာရရှိရေး နှင့် စိုက်ပျိုးရေးလုံလောက်စွာ ရရှိအသုံးပြု နိုင်ရေး လိုအပ်သည်။ စိုက်ပျိုးမြေများအတွက် ဓါတ်မြေဩဇာများ၊ပိုးသတ်ဆေးများသယ်ယူရာတွင် လုံခြုံရေးအခြေအနေများကြောင့် ထားဆီးစစ်ဆေးမှု ပိတ်ဆို့မှုများကြောင့် အချိန်မှီမထည့်သွင်းနိုင်ပါက သီးနှံများအတွက်နှုန်းလျော့နည်းစေပါသည်။ စိုက်ခင်းများတွင် သီးနှံဖျက်ပိုးများနှိမ်နှင်းရေးအတွက် ပုဂ္ဂလိက အရောင်းဆိုင်များမှ

ခါတုပိုးသတ်ဆေးများကိုသာ အားထားရသည်။ သီးနှံဖျက်ပိုးများသည် ပိုးသတ်ဆေးအချို့ကို ခံနိုင်စွမ်းရှိကြကာ သီးနှံပျက်စီးမှုနှင့် ဝင်ငွေလျော့နည်းမှုဖြစ်စေသည်။ စိုက်ခင်းများအတွက် ခါတ်မြေဩဇာများ သယ်ယူခွင့် ထောက်ခံချက်ရရှိရေး၊ နည်းပညာအသုံးပြုမှုများအပါအဝင် ပိုးမွှားနှိမ်နှင်းရေးနည်းပညာအသစ်ရရှိရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက ဦးစီးဦးရွက်ပြုပေးနိုင်ရန်လိုအပ်လျက်ရှိသည်။သီးနှံစိုက်ခင်းများအတွက် စိုက်ပျိုးရေး၊ ပြည့်ဝလုံလောက်စွာ ရရှိသုံးစွဲနိုင်ရေး လက်တူးတွင်းများတူးဖော်ပေးနိုင်ရန် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဦးစီးပြုနိုင်ရန်လိုအပ်လျက်ရှိ သည်။

၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာစီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုက ငါးနှစ်တာစီမံချက်မကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလ ဖော်ထုတ်ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှပြည့်စုံမှုမရှိနိုင်ပါ။ဤသည်မှာ ကျေးရွာလူထုသည် နှစ်နှစ်၊သုံးနှစ်တာကာလ စီမံချက်များအတွက် မျှော်မှန်းရေးဆွဲ ထားနိုင်ကြသော်လည်း ငါးနှစ်တာကာလတစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့် ရေးဆွဲထားသည့် ငါးနှစ်တာစီမံချက်သည် ပြင်းထန်သောသဘာဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများ မပေါ်ပေါက်ပါက အနည်းနှင့်အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ပဲ နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။ ထို့ကြောင့် ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက်မူဘောင်အတွင်း နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

(ခ) ကဏ္ဍာနှင့် ရင်းနှီးမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်း၊စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စိစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့်ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီးအုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)သည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional Classification) ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Economic classsification)တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ပါဝင်သည်။

(ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြားစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကိုရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများ ရရှိရန်လည်းလိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ဦးစားပေးစီမံချက်များ

ကဏ္ဍ/ကဏ္ဍခွဲ	စီမံချက်	ရမှတ် ပေါင်း	ဦးစားပေး အဆင့်	ဖော်ပြချက်	မှတ်ချက်
စိုက်ပျိုးရေး					
	၁။ စိုက်ပျိုးရေးဆိုင်ရာသွင်းအားစုများလွယ်ကူစွာ ရရှိရေး	၃၄	၁၉	စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးရေးဆိုင်ရာ အရေးကြီးသော သွင်းအားစုများသယ်ယူရန် ထောက်ခံချက်ရရှိရေး၊ သယ်ယူခွင့်ထောက်ခံချက်ရရှိရေးအတွက် ကျေးရွာအုပ်ချုပ်ရေး အဖွဲ့မှ ဦးစီးပြီး ဆောင်ရွက်သွားမည်။	

စိုက်ပျိုး/မွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ

၂။ သက်မွေးဝမ်းကျောင်း အထောက်အကူပြု သင်တန်းများဖွင့်လှစ်နိုင်ရေး	၄၀	၈	ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှကြီးမှူး၍ ကျေးလက်ဦးစီးဌာနနှင့် ပူးပေါင်း၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်း များဖွင့်လှစ်ဆောင်ရွက်သွားမည်။

ကျေးရွာအဆောက်အအုံ

၃။ကျေးရွာစုဝေးခန်းမဆောင်တည်ဆောက်ခြင်း	၅၀	၁	ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှကြီးကြပ်၍ ကျေးရွာအုပ်ချုပ်ရေး အဖွဲ့များ၊ ကျေးလက်ဦးစီးဌာနတို့နှင့်ပူးပေါင်း၍ ကျေးရွာ စုဝေးခန်းမဆောင်ဆောက်လုပ်သွားမည်။
၄။ကုန်ထုတ်လမ်းအဆင့်မြှင့်တင်ကျောက်ချောခင်းခြင်း	၃၉	၁၀	ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှကြီးကြပ်၍ ကျေးရွာအုပ်ချုပ်ရေး အဖွဲ့များ၊ ပုဂ္ဂလိကအလှူရှင်များ၊ ကျေးလက်ဦးစီးဌာနတို့နှင့် ပူးပေါင်း၍ ကျေးရွာကုန်ထုတ်လမ်းများအားအဆင့်မြှင့်တင် ဆောင်ရွက်သွားမည်။
၅။သောက်သုံးရေရရှိရေးရေတွင်းတူးဖော်ခြင်း	၃၉	၁၂	ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှကြီးကြပ်၍ ကျေးလက်ဦးစီးဌာနနှင့် ပူးပေါင်း၍ လက်တူးတွင်းများရရှိနိုင်ရေးအတွက် ပူးပေါင်း ဆောင်ရွက်သွားမည်။
၆။တံတားချဉ်းကပ်လမ်းကွန်ကရစ်ခင်းခြင်း	၄၅	၂	ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှကြီးကြပ်၍ ကျေးလက်ဦးစီးဌာန၊ ဆောက်လုပ်ရေးဦးစီးဌာနတို့နှင့်ပူးပေါင်း၍တံတားချဉ်းကပ်လမ်း ကွန်ကရစ်ခင်းခြင်းဆောင်ရွက်နိုင်ရန်အတွက်ကြီးကြပ်သွားမည်။
၇။မီးသတ်ကားရရှိရေးနှင့်ရေစုကန်တည်ဆောက်ရေး	၄၀	၉	ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှကြီးကြပ်၍ ကျေးလက်ဦးစီးဌာန၊ မီးသတ်ဦးစီးဌာနကျေးရွာအလှူရှင်များနှင့်အတူ ပူးပေါင်း၍ မီးသတ်ကားနှင့် ရေစုကန်တည်ဆောက်နိုင်ရေးအတွက် စီစဉ် ဆောင်ရွက်သွားမည်။

ကျန်းမာရေး

၈။ကျန်းမာရေးအသိပညာပေးဟောပြောပွဲကျင်းပခြင်း	၃၆	၁၆	ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကြီးကြပ်၍ ကျန်းမာရေးဦးစီးဌာန၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့တို့နှင့်ပူးပေါင်းပြီး ကျန်းမာရေးအသိပညာပေးဟောပြောပွဲများစီစဉ်ဆောင်ရွက်သွားမည်။
စိုက်ပျိုးရေး			
၉။စိုက်ပျိုးရေးဆိုင်ရာသွင်းအားစုများလွယ်ကူစွာရရှိနိုင်ရေး	၃၄	၁၉	စိုက်ပျိုးရေးဆိုင်ရာ နည်းပညာ၊အသိပညာဗဟုသုတ ကျယ်ပြန့်စွာသိရှိလုပ်ကိုင်နိုင်ရန်စိုက်ပျိုရေးဦးစီးဌာနမှ သင်တန်းများ ပေးခြင်း၊ သွင်းအားစုများလွယ်ကူစွာရရှိနိုင်ရန်တို့ကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီက ချိတ်ဆက်ဆောင်ရွက်သွားမည်။
ဖွံ့ဖြိုးရေး			
၁၀။ချေးငွေပိုမိုရရှိရေး	၄၂	၅	ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှကြီးကြပ်၍ မြစိမ်းရောင်စီမံကိန်းကော်မတီများ၊ကျေးလက်ဦးစီးဌာနတို့နှင့် ပူးပေါင်း၍ ချေးငွေပိုမိုရရှိနိုင်ရေးအတွက် နည်းလမ်းကောင်းများစဉ်းစားဆောင်ရွက်သွားမည်။
၁၁။ကျေးရွာပိုင်အားကစားကွင်းဖော်ဆောင်ခြင်း	၄၁	၆	ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှကြီးကြပ်၍ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊အား/ကာဦးစီးဌာနတို့နှင့်ချိတ်ဆက်၍ ကျေးရွာပိုင်အားကစားကွင်းရရှိနိုင်ရေးအတွက်ဆောင်ရွက်သွားမည်။
၁၂။မိဘမဲ့ကလေးများကူညီထောက်ပံ့ရေး	၄၃	၄	ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှကြီးကြပ်၍ ကျေးရွာအတွင်းရှိ ပုဂ္ဂလိက အလှူရှင်များ၊အုပ်ချုပ်ရေးအဖွဲ့များ၊လူမှုကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနတို့နှင့်ချိတ်ဆက်၍မိဘမဲ့ကလေးများကူညီထောက်ပံ့နိုင်ရေးအတွက် ဆောင်ရွက်သွားမည်။
လူငယ်			
၁၃။မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့်အသိပညာပေးခြင်းအစီအစဉ်	၃၆	၁၄	ကျေးရွာလူငယ်များ မူးယစ်ဆေးဝါးအန္တရာယ်ကင်းစင်စေရန် မြို့နယ်ဌာနဆိုင်ရာအဖွဲအစည်းများနှင့်ပူးပေါင်း၍ မူးယစ်ဆေးဝါးအသိပညာပေးဟောပြောခြင်း၊ ဥပဒေအရမူးယစ်ဆေးဝါးအသိ

			ပညာပေးဟောပြောခြင်း၊ ဥပဒေအရအရေးယူခြင်းနှင့် ပျော်ပွဲ၊ ရွှင်ပွဲ၊ အားကစားပွဲများအား ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များနှင့်ပူးပေါင်းဆောင်ရွက်သွားမည်။
ပညာရေး			
၁၄။ကျောင်းမတတ်နိုင်သည့်ဆင်းရဲကလေးများအား ကူညီထောက်ပံ့နိုင်ရေး	၄၄	၃	ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှကြီးကြပ်၍ ကျေးရွာအတွင်းရှိ ပုဂ္ဂလိကအလှူရှင်များကူညီထောက်ပံ့နိုင်ရေးအတွက်ပညာရေးဦးစီးဌာန၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များနှင့်ပူးပေါင်း၍ ကျောင်းမတတ်နိုင်သည့်ကလေးများအား ကျောင်းတက်နိုင်ရေးအတွက် ဆောင်ရွက်သွားမည်။
၁၅။ကျောင်းယင်လုံအိမ်သာပတ်ကာတည်ဆောက်ခြင်း	၃၉	၁၁	ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှကြီးကြပ်၍ ကျေးရွာရှိ ကျောင်းယင်လုံအိမ်သာပတ်ကာတည်ဆောက်နိုင်ရေးအတွက်ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ ကျေးရွာအတွင်းရှိ ပုဂ္ဂလိကအလှူရှင်များနှင့်ပူးပေါင်း၍ ပညာရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။
၁၆။ကျောင်းခြံစည်းရိုးကာရံခြင်း	၃၄	၁၈	ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှကြီးကြပ်၍ ကျေးရွာရှိ ကျောင်းခြံစည်းရိုးကာရံနိုင်ရေးအတွက် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ ကျေးရွာအတွင်းရှိ ပုဂ္ဂလိက အလှူရှင်များနှင့်ပူးပေါင်း၍ ပညာရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။
၁၇။ကျောင်းစာသင်ခုံ၊ထိုင်ခုံရရှိရေး	၃၈	၁၃	ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှကြီးကြပ်၍ ကျေးရွာရှိ စာသင်ကျောင်း ထိုင်ခုံ၊ စာသင်ခုံလုံလောက်စွာရရှိနိုင်ရေးအတွက် ကျေးရွာအတွင်းရှိ ပုဂ္ဂလိကအလှူရှင်များနှင့်ပူးပေါင်း၍ ပညာရေးဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွားမည်။
မွေးမြူရေး			

၁၈။မွေးမြူရေးဆိုင်ရာကုသရေးသင်တန်းဖွင့်လှစ်နိုင်ရေးဆောင်ရွက်ခြင်း	၃၆	၁၇	ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကြီးကြပ်၍ မွေး/ကုဦးစီးဌာနနှင့်ပူးပေါင်း၍ မွေးမြူရေးဆိုင်ရာကုသရေးသင်တန်းဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားမည်။
မီးလင်းရေး			
၁၉။အိမ်တိုင်းမီးလင်းရေး၊ မီးတိုင်ရရှိနိုင်ရေး	၄၁	၇	အိမ်တိုင်းမီးလင်းရေးနှင့် မီးတိုင်များရရှိနိုင်ရေးအတွက် မြို့နယ်လျှပ်စစ်ရုံး(EPC)နှင့်ချိတ်ဆက်ဆောင်ရွက်သွားမည်။

(ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန်ခန့်မှန်းဖော်ပြထားသည့် ဦးစားပေးစီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက်လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီးနှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

စီမံချက်	အဆင့်	၂၀၁၉	၂၀၂၀	၂၀၂၁	၂၀၂၂	၂၀၂၃
၁။ကျေးရွာစုဝေးခန်းမဆောင်တည်ဆောက်ခြင်း	၁	Â	-	-	-	-
၂။ တံတားချဉ်းကပ်လမ်းကွန်ကရစ်ခင်းခြင်း	၂	Â	Â	-	-	-
၃။ ကျောင်းမတတ်နိုင်သည့်ဆင်းရဲကလေးများအားကူညီထောက်ပံ့နိုင်ရေး	၃	Â	Â	Â	Â	Â
၄။ မိဘမဲ့ကလေးများကူညီထောက်ပံ့နိုင်ရေး	၄	Â	Â	Â	Â	Â
၅။ ချေးငွေပိုမိုရရှိနိုင်ရေး	၅	Â	Â	Â	-	Â
၆။ ကျေးရွာပိုင်အားကစားကွင်းဖော်ဆောင်ခြင်း	၆	-	Â	-	-	-
၇။ အိမ်တိုင်းမီးလင်းရေးမီးတိုင်ရရှိရေး	၇	Â	Â	-	-	-
၈။ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းဖွင့်လှစ်ခြင်း	၈	-	Â	Â	Â	Â

၉။ မီးသတ်ကားရရှိရေးနှင့်ရေစုကန်တည်ဆောက်ခြင်း	၉	-	Â	Â	-	-
၁၀။ကုန်ထုတ်လမ်းအဆင့်မြှင့်တင်ကျောက်ချောလမ်းခင်းခြင်း	၁၀	-	Â	-	-	-
၁၁။ ကျောင်းယင်လုံအိမ်သာပတ်ကားတည်ဆောက်ခြင်း	၁၁	-	Â	Â	-	-
၁၂။ သောက်သုံးရေရရှိရေးရေတွင်းတူးဖော်ခြင်း	၁၂	-	Â	Â	-	-
၁၃။ ကျောင်းစာသင်ခုံ၊ထိုင်ခုံရရှိရေး	၁၃	-	Â	-	-	-
၁၄။ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့်အသိပညာပေးအစီအစဉ်	၁၄	Â	Â	Â	Â	Â
၁၅။ ကျောင်းအားကစားအထောက်အကူပစ္စည်းရရှိရေး	၁၅	-	Â	Â	Â	Â
၁၆။ ကျန်းမာရေးအသိပညာပေးဟောပြောပွဲကျင်းပခြင်း	၁၆	-	Â	Â	Â	Â
၁၇။ မွေးမြူရေးဆိုင်ရာကုသရေးသင်တန်း	၁၇	Â	Â	Â	Â	Â
၁၈။ ကျောင်းခြံစည်းရိုးကာရံခြင်း	၁၈	-	-	Â	Â	-
၁၉။ စိုက်ပျိုးရေးဆိုင်ရာသွင်းအားစုများလွယ်ကူစွာရရှိရေး	၁၉	Â	Â	Â	Â	Â

၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသောစီမံချက်အလိုက်ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ (Indicative)ဖြစ် ကိုးကာရန် ပမာဏသာ ဖစ်ပါသည်။ အမှန်တကယ်လိုအပ်သော ဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည် တချို့စီမံချက်များကိုရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ဝန်ဆောင်မှုပေးသည်လုပ်ငန်းများထံမှ ဘတ်ဂျက်အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများရရှိရန်လည်းလိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြ ထားခြင်းမရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ-လုပ်အား၊သဲ၊ကျောက်၊ပစ္စည်းကိရိယာ၊အချိန် စသည်)

စီမံချက်ဘတ်ဂျက်

		ရန်ပုံငွေမြှပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်)				
			ငွေလုံးငွေရင်း အသုံးစရိတ်			
စဉ်	စီမံချက်	ရန်ပုံငွေ	သာမန်	ငွေလုံးငွေရင်း	စွမ်းဆောင်ရည်	လူသားချင်းစာနာမှု

	(သိန်း)	အသုံးစရိတ်	အသုံးစရိတ်	မြို့တင်ရေး	ဆိုင်ရာ ထောက်ပံ့မှု
၁။ ကျေးရွာစုဝေးခန်းမဆောင်တည်ဆောက်ခြင်း			Â		
၂။ တံတားချဉ်းကပ်လမ်းကွန်ကရစ်ခင်းခြင်း			Â		
၃။ ကျောင်းမတတ်နိုင်သည့်ဆင်းရဲကလေးများအားကူညီထောက်ပံ့နိုင်ရေး					Â
၄။ မိဘမဲ့ကလေးများကူညီထောက်ပံ့နိုင်ရေး					Â
၅။ ချေးငွေပိုမိုရရှိနိုင်ရေး			Â		
၆။ ကျေးရွာပိုင်အားကစားကွင်းဖော်ဆောင်ခြင်း			Â		
၇။ အိမ်တိုင်းမီးလင်းရေးမီးတိုင်ရရှိရေး			Â		
၈။ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းဖွင့်လှစ်ခြင်း			Â	Â	
၉။ မီးသတ်ကားရရှိရေးနှင့်ရေစုကန်တည်ဆောက်ခြင်း			Â		
၁၀။ ကုန်ထုတ်လမ်းအဆင့်မြှင့်တင်ကျောက်ချောလမ်းခင်းခြင်း			Â		
၁၁။ ကျောင်းယင်လုံအိမ်သာပတ်ကားတည်ဆောက်ခြင်း			Â		
၁၂။ သောက်သုံးရေရရှိရေးရေတွင်းတူးဖော်ခြင်း			Â		
၁၃။ ကျောင်းစာသင်ခုံ၊ထိုင်ခုံရရှိရေး			Â		
၁၄။ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့်အသိပညာပေးအစီအစဉ်				Â	Â
၁၅။ ကျောင်းအားကစားအထောက်အကူပစ္စည်းရရှိရေး			Â		
၁၆။ ကျန်းမာရေးအသိပညာပေးဟောပြောပွဲကျင်းပခြင်း				Â	
၁၇။ မွေးမြူရေးဆိုင်ရာကုသရေးသင်တန်း					
၁၈။ ကျောင်းခြံစည်းရိုးကာရံခြင်း			Â		
၁၉။ စိုက်ပျိုးရေးဆိုင်ရာသွင်းအားစုများလွယ်ကူစွာရရှိရေး					Â

၁၀။ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်အထည်ဖော်မည် ဖြစ်သဖြင့်လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှ ကျေးရွာတွင် တာဝန်ရှိပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကိုအထိရောက်ဆုံး အကောင်အထည်ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကောမတီအသီးသီးအား တာဝန်များ ခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာ စီမံကိန်းများဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ- စိုက်ခင်းသမားအဖွဲ့သည် စိုက်ပျိုးရေးသွင်းအားစုများသယ်ယူခွင့် ထောက်ခံချက် ရရှိရန် တာဝန်ယူဆောင်ရွက်စေ၍ လူငယ်အဖွဲ့က လူငယ်များ မူးယစ်ကင်းစင်ပြီး အသိပညာဗဟုသုတပြည့်ဝစေ ရန် တာတန်ယူဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများအကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ်ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီများရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-- စိုက်ခင်းသမားအဖွဲ့သည် စိုက်ပျိုးရေးဆိုင်ရာ သွင်းအားစုများသယ်ယူခွင့်ထောက်ခံချက် ရရှိစေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန နှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လူငယ်အဖွဲ့သည်လည်း လူငယ်ရေးရာ ဖွံ့ဖြိုးလာစေရန် မြို့နယ်ပြန်/ဆက်ဦးစီးဌာနများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ နှင့်ချိတ်ဆက်၍ အကူအညီများရယူရပါမည်။

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားများဖော်ပြရာတွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့်ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများ အတွက်အောက်ပါအဖွဲ့အစည်း/ ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင်လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှုများအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ ပုဂ္ဂိုလိက အဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင် ဖေါ်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည် ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီကပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသော ကော်မတီကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ်ပူးပေါင်းဆောင်ရွက်ပါမည်။

(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းများတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များထားရှိမည်။ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်း လုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကိုဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်း သွားလာသယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက်သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အားတာဝန်အပ်နှင်းဆောင်ရွက်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်မှုစစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းများကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်ထည်ဖော်သော နည်းလမ်းကိုလက်ကိုင်ကျင့်သုံးသည့် အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ၊ အိမ်ထောင်စုများတက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သောအဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်းများတည်ဆောက်ပါမည်။

(က) ကြီးကြပ်စစ်ဆေးခြင်း (Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (Physical Progress)နှင့် ငွေကြေးဆိုင်ရာ တိုးတက်မှု (Financial Progress) တို့ကိုစနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည်

၄င်းတို့၏ကြီးကြပ်စစ်ဆေးတွေ့ရှိရ အစီရင်ခံစာ (monitoring report)ကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကိုကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက် များအပေါ်ဦးတင်ပါမည်-

(၁) လုပ်ငန်းပိုင်ဆိုင်ရာတိုးတက်မှု (Physical progress)

- စီမံကိန်းလုပ်ငန်းများ လုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ၊
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့် စီမံကိန်းများ၊
-

(၂) ငွေကြေးဆိုင်ရာ တိုးတက်မှု (Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင် ရှိသော ငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာ အနှစ်ချုပ်ကိုပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ် ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ (၂)မျက်နှာ၊ (၃)မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကို အဓိကထားဖော်ပြပါမည်။၎င်းအစီရင်ခံစာတွင်အခက်အခဲနှင့် ရင်ဆိုင်သောကျဉ်လွှားမှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့်အစီအစဉ်များ၊ လိုအပ်သောအကူအညီအထောက်အပံ့များ စသည်တို့ပါ ဝင်သည်၊

(ခ)နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည်သုံးသပ်ပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်းဖန်တီးနိုင်ရန်ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ စသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင် သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သောအခွင့်အလမ်းကို ရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

(၁) ကျေးရွာလူမှုရေးစီးပွားရေးဆိုင်ရာအချက်အလက်များ

(၁.၁) လူဦးရေနှင့်လူဦးရေဆိုင်အချက်အလက်

ဧယား(၁) လယ်ပြင်ကျေးရွာ၏ လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု ဖွံ့ဖြိုးရေးအမြင်အရခွဲခြားထားပုံ	ကျား	မ	စုစုပေါင်း	စုစုပေါင်း၏%
၁နှစ်အောက်	၄	၆	၁၀	**၁%**
၁နှစ် မှ ၅နှစ်	၂၁	၂၃	၄၄	**၄.၆%**
၅နှစ် မှ ၉နှစ်	၄၂	၄၇	၈၉	**၉.၃%**
၁၀နှစ် မှ ၁၄နှစ်	၄၆	၄၀	၈၆	**၉%**
၁၅နှစ် မှ ၆၄နှစ်	၃၄၉	၃၆၃	၇၁၂	**၇၄.၇%**
၆၄နှစ် နှင့်အထက်	၆	၇	၁၃	**၁.၄%**
စုစုပေါင်း	**၄၆၈**	**၄၈၆**	**၉၅၄**	**၁၀၀%**
အိမ်ထောင်စုပေါင်း= ၁၈၉			**တစ်အိမ်ထောင်လူဦးရေ= ၅**	

ရည်ညွှန်း . . . ကျေးရွာအခြေအနေကို ကျေးရွာသူ/ကျေးရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ
(ရက်၊ လ၊ ၂၀၁၉ခုနှစ်)

(၁.၂) လုပ်သားအင်အား

ဇယား(၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်း ကဏ္ဍများ	အဓိက အိမ်ထောင်စု	အလုပ်အကိုင် %	တွဲဖက် အလုပ်အကိုင်	မှတ်ချက်
၁	**စိုက်ပျိုးရေး (သီးနှံထုတ်လုပ်ရေး)**				
	• ကိုယ်ပိုင်လုပ်ငန်း	၂၀	၁၀.၆%	မွေးမြူရေး	စပါးကိုအဓိကထားစိုက်ပျိုးကြပြီးအခြားရာသီအလိုက် သီးနှံများကိုအနည်းငယ်သာစိုက်ပျိုးကြသည်။
	• အလုပ်သမား၊ကျပန်း ရာသီလိုက် အလုပ်သမား	၄	၂.၁%		စိုက်ပျိုးရေးလုပ်ငန်းများတွင် စာရင်းငှားဖြင့် လုပ်ကိုင် ဆောင်ရွက်ကြပြီး သီးနှံများခူးချိန်ကာလတွင် နေ့စား အလုပ်များ လုပ်ကိုင်ကြသည်။
	▪ မိသားစုဝင်လုပ်အား	၄၅	၂၃.၈%		အိမ်ထောင်စုအားလုံးနီးပါးသည် စိုက်ပျိုးရေးလုပ်ငန်း များ အားလုပ်ကိုင်ရာတွင်နေ့စားအလုပ်သမားအသင့် အတင့်သာရှိသဖြင့် မိသားစုဝင်များဖြင့်သာလုပ်ကိုင် ကြသည်။ဤအချက်အလက်နှင့်ပတ်သက်ပြီးကိန်း ဂဏန်းစာရင်းမကောက်ယူခဲ့ပါ။
၂	**တိရစ္ဆာန်မွေးမြူရေး**				
	• ကိုယ်ပိုင်လုပ်ငန်း	၆၀	၃၁.၇%		စိုက်ပျိုးရေးကြက်၊ဘဲ၊ဝက်၊များသာမွေးမြူကြပြီး ဝက်မွေးမြူရေးလုပ်ငန်းဖြင့် ဝင်ငွေရှာဖွေကြသည်။
	• အလုပ်သမား၊ကျပန်း၊ ရာသီအလိုက် အလုပ်သမား				

- မိသားစုဝင်လုပ်အား

---

၃ ငါးဖမ်းလုပ်ငန်း

- ကိုယ်ပိုင်လုပ်ငန်း
- အလုပ်သမား၊ ကျပန်း
  ရာသီအလိုက်အလုပ်သမား
- မိသားဝင်လုပ်အား

---

၄ သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း

- ကိုယ်ပိုင်လုပ်ငန်း
- အလုပ်သမား၊ ကျပန်း ၂၁ ၁၁.၁% ကျေးရွာအနီးရှိ မှော်နယ်မြေများတွင် ရေမဆေးကျောက် ရှာခြင်းဖြင့် ဝင်ငွေရှာဖွေသည်။

  ရာသီအလိုက်အလုပ်သမား
- မိသားဝင်လုပ်အား

---

၅ ထုတ်ကုန်လုပ်ငန်း

- ကိုယ်ပိုင်လုပ်ငန်း ၂ ၁.၁%
- အလုပ်သမား၊ ကျပန်း၊
  ရာသီအလိုက် အလုပ်သမား
- နေ့စားလုပ်သား

---

၆ လျှပ်စစ်၊ ဘဘာဝဓါတ်ငွေ့နှင့်ရေဖြန့်ဝေရေးလုပ်ငန်း

- ကိုယ်ပိုင်လုပ်ငန်း
- အလုပ်သမား၊ ကျပန်း၊

ရာသီအလိုက် အလုပ်သမား
- မိသားစုဝင်လုပ်အား

---

၇ ဆောက်လုပ်ရေးလုပ်ငန်း

- ကိုယ်ပိုင်လုပ်ငန်း ၂ **၁.၁%**
- အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား
- မိသားစုဝင်လုပ်အား

---

၈ ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး

- ကိုယ်ပိုင်လုပ်ငန်း ၃ **၁.၆%** ကျေးရွာ၌ မော်တော်ဆိုင်ကယ်အသုံးပြုမှုများပြားလာသဖြင့် ဆိုင်ကယ်ဝပ်ရှော့လုပ်ငန်းမှာအသင့်အတင့်အလုပ်ဖြစ်သည်။
- အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား
- မိသားစုဝင်လုပ်အား

---

၉ ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)

- ကိုယ်ပိုင်လုပ်ငန်း ၁ **၀.၅%** ကျေးရွာ၌ဆံပင်ညှပ်ဆိုင်(၁)ဆိုင်သာဖွင့်လှစ်ထားရှိသည့် အတွက်အသင့်အတင့်အလုပ်ဖြစ်သည်။
- အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား
- မိသားစုဝင်လုပ်အား

---

၁၀ လက်လီ–လက်ကား ရောင်းဝယ်ရေး

ကိုယ်ပိုင် လုပ်ငန်း	၇၀	၃၇%	အရောင်းအဝယ်လုပ်ကိုင်သူများပိုမိုများပြားပြီးစီးပွားဖြစ်လုပ်ကိုင်သူများပိုမိုများပြားသည်။

- အလုပ်သမား၊ ကျပန်း ရာသီအလိုက် အလုပ်သမား
- မိသားစုဝင်လုပ်အား
-

---

၁၁ ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း

- ကိုယ်ပိုင်လုပ်ငန်း
- အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား
- မိသားစုဝင်လုပ်အား

---

၁၂ ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး

• ကိုယ်ပိုင်လုပ်ငန်း • အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား • မိသားစုဝင်လုပ်အား	၂	၁.၁%	ကျေးရွာတွင်ကားမောင်းသူ(၂)ဦးသာရှိသည်။

---

၁၃ ငွေချေးဝန်ဆောင်မှုလုပ်ငန်း (ဘဏ်နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)

- ကိုယ်ပိုင်လုပ်ငန်း
- အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား
- မိသားစုဝင်လုပ်အား

---

၁၄ အိမ်ခြံမြေရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သောလုပ်ငန်းများ

- ကိုယ်ပိုင်လုပ်ငန်း
- အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား
- မိသားစုဝင်လုပ်အား

---

၁၅ **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**

- ကိုယ်ပိုင်လုပ်ငန်း
- အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား — ၁ — ၀.၅%
- မိသားစုဝင်လုပ်အား

---

၁၆ **ပညာရေး**

- ကိုယ်ပိုင်လုပ်ငန်း
- အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား — ၂ — ၁.၁%
- မိသားစုဝင်လုပ်အား

---

၁၇ **ကျန်းမာရေး**

- ကိုယ်ပိုင်လုပ်ငန်း
- အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား
- မိသားစုဝင်လုပ်အား

---

၁၈ **လူမှုရေးလုပ်ငန်းများ**

- ကိုယ်ပိုင်လုပ်ငန်း

- အလုပ်သမား၊ ကျပန်း၊
  ရာသီအလိုက် အလုပ်သမား
- မိသားစုဝင်လုပ်အား

---

၁၉ **အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ (အထက်ဖော်ပြပါလုပ်ငန်းများမှအပ)**

- ကိုယ်ပိုင်လုပ်ငန်း
- အလုပ်သမား၊ ကျပန်း၊ ၅၉ ၃၁.၂%
  ရာသီအလိုက် အလုပ်သမား
- မိသားစုဝင်လုပ်အား

---

၂၀ **ပြင်ပ အဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**

- ကိုယ်ပိုင်လုပ်ငန်း
- အလုပ်သမား၊ ကျပန်း၊
  ရာသီအလိုက် အလုပ်သမား
- မိသားစုဝင်လုပ်အား

စုစုပေါင်း ၁၈၉ ၁၀၀%

ရည်ညွှန်း . . . ကျေးရွာအခြေအနေကို ကျေးရွာသူ/ကျေးရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ
(ရက်၊ ၂လ၊ ၂၀၁၉ခုနှစ်)

(၁.၃)စိုက်ပျိုးနိုင်သောမြေဧရိယာ

(၁.၃.၁)ကျေးရွာ၏စိုက်ပျိုးမြေဧရိယာ (မြေအသုံးချမှု)

ဇယား (၃) လယ်ပြင်ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ ဧက	မြေဆီလွှာအရည်အသွေး ကောင်း/သင့်/ညံ့	ဆည်ရေရရှိမှု (ရ/မရ/အနည်းကျဉ်း)	ရေအရင်းအမြစ် (ရေရရှိသည့်နေရာ/ရေပေး နိုင်သည့်ဧက)
လယ်မြေ	၇၁	သင့်	ရရှိ	မိုးရေကိုသာအဓိကအသုံးပြုကြသည်။

ယာမြေ	၃၅	သင့်	ရှိ	
ဥယျာဉ်ခြံမြေ	၂၀	သင့်	ရှိ	
အိမ်ခြံဝင်းစိုက်ခင်း	-	-	-	-

မြေအမျိုးအစား	ဧရိယာ ဧက	မြေဆီလွှာအရည်အသွေး ကောင်း/သင့်/ညံ့	ဆည်ရေရှိမှု (ရ/မရ/အနည်းကျဉ်း)	ရေအရင်းအမြစ် (ရေရရှိသည့်နေရာ/ရေပေး နိုင်သည့်ဧက)	
ကိုင်း/ကျွန်းမြေ	-	-	-	-	-
ခနိတောမြေ	-	-	-	-	-
မြေလွတ်/လပ်	-	-	-	-	-
သစ်တောမြေ	-	-	-	-	-
စုစုပေါင်း	**၁၂၆**	**-**	**-**	**-**	

ရည်ညွှန်း . . ကျေးရွာအခြေအနေကို ကျေးရွာသူ/ကျေးရွာသားများ ကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ
(ရက်၊ ၂လ၊ ၂၀၁၉ခုနှစ်)

(၁.၃.၂) ဓါတ်သတ္တုနှင့်အခြားဘဘာဝအရင်းအမြစ်များ

ဇယား (၄) ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	လက်လှမ်းမှီနိုင်မှု (လွယ်/ခက်/လက်လှမ်းမှီ)
ကာဗွန် (ဓါတ်ငွေ့/ရေနံ)	-	-
ဓာတ်သတ္တု(ကျောက်မျက်၊သတ္တု၊ကျောက်၊ကျောက်မီးသွေး၊သဲ)စသည့်	သင့်	သင့်

အခြားသဘာဝအရင်းအမြစ်

တိရစ္ဆာန်မျိုးစိတ်များ	–	–
အပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင် အပင်များ)	သင့်	သင့်

ရည်ညွှန်း . . ကျေးရွာအခြေအနေကို ကျေးရွာသူ/သားများ ကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ
(ရက်၊ ၂လ၊ ၂၀၁၉ခုနှစ်)

(၁.၄) ဥစ္စာဓနအဆင့်အနေအထား

ဇယား (၅) ဥစ္စာဓနအဆင့်အခြေအနေ

	သတ်မှတ်စံနှုန်း			
အကြောင်းအရာ	**အဆင်ပြေသော အိမ်ထောင်စု**	**အလယ်အလတ်ရှိ အိမ်ထောင်စု**	**ဆင်းရဲသော အိမ်ထောင်စု**	**အလွန်ဆင်းရဲသော အိမ်ထောင်စု**
မြေယာပိုင်ဆိုင်မှု	၅ကေနှင့်အထက်	၃ကေနှင့်၁၀ကေကြား	၃ကေအောက်	မပိုင်
အိမ်အခြေအနေ	နှစ်ထပ်၊သစ်သားခင်း၊ သစ်သားကာ၊သွပ်မိုး	သစ်သားခင်း၊သစ်သားကာ၊ ဝါးထရံကာ၊သွပ်မိုး	သစ်သားခင်း၊ဝါးထရံခင်း ဝါးထရံကာ၊သွပ်မိုး၊	ကြမ်းခင်း၊ဝါးထရံကာ၊ မိုးကာမိုး၊သွပ်မိုး
လုပ်ငန်းသုံးကိရိယာ ပိုင်ဆိုင်မှု	လက်တွန်းထွန်စက်၊ ရေစုပ်စက်၊မြက်ရိတ်စက်	လက်တွန်းထွန်စက်၊ရေစုပ်စက်၊ မြက်ရိတ်စက်	ရေစုပ်စက်၊မြက်ရိတ်စက်	မပိုင်
ကုန်ထုတ်လုပ်မှုနှင့်မဆိုင်သော ပိုင်ဆိုင်မှု	–	–	–	–
အဓိကစီးပွားရေးလုပ်ငန်း၊ တစ်နှစ်ဝင်ငွေ	ဈေးဆိုင်၊ငွေတိုးချေးစားသူ	ဈေးရောင်း	ကျပန်းအလုပ်	ကျပန်းအလုပ်

အခြားပိုင်ဆိုင်မှု	ကား၊ဆိုလာ၊ဖုန်း၊တီဗီ၊ မော်တော်ဆိုင်ကယ်၊ဒီဇယ် အင်ဂျင်၊သုံးဘီးဆိုင်ကယ်၊	ဖုန်း၊တီဗီ၊သုံးဘီးဆိုင်ကယ် မော်တော်ဆိုင်ကယ်၊ဆိုလာ	ဖုန်း၊ဆိုလာ၊တီဗီ၊ မော်တော်ဆိုင်ကယ်	ဖုန်း၊ဆိုလာ၊ မော်တော်ဆိုင်ကယ်

ရည်ညွှန်း . . ကျေးရွာအခြေအနေကို ကျေးရွာသူ/သားများ ကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ
(ရက်၊ ၂လ၊ ၂၀၁၉ခုနှစ်)

(၁.၅) ထိခိုက်လွယ်မှု

(၁.၅.၁) ဝမ်းစာဖူလုံမှု

ကျေးရွာတွင် ဥစ္စာဓနအဆင့်သတ်မှတ်ချက်အရ ချမ်းသာအဆင့်မှာ (၃၅)အိမ်၊ အလယ်အလတ်အဆင့် (၁၂၉)အိမ်၊ ဆင်းရဲအဆင့် (၂၅)အိမ် တို့သတ်မှတ်ထားရှိနိုင်ကြောင်း တွေ့ရှိရပါသည်။

ဇယား (၆) လယ်ပြင်ကျေးရွာ၏ ဝမ်းစာဖူလုံမှုအခြေအနေ

ကာလ	အိမ်ထောင်စုအရေအတွက်	%	ဖြေရှင်းကျော်လွှားပုံ
၃လအောက်	၂၅	၁၃.၂%	ရိက္ခာတွက်ကြုံတင်ငွေယူကာလုပ်အားခရလျှင်ရချင်း ပြန်လည်ပေးဆပ်ခြင်း၊ကျပန်းလုပ်ငန်းလုပ်ကိုင်ခြင်း ဖြင့်ပေးဆပ်ကြသည်။
၃လမှ၆လ	၁၂၉	၆၈.၂၅%	မိတ်ဆွေ/ဆွေးမျိုးများထံမှချေးငှား၍လုပ်ငန်းမြတ် ငွေရရှိပါကပြန်လည်ပေးဆပ်ကြသည်။
၆လမှ၁၂လ	၃၅	၁၈.၅%	မိတ်ဆွေ/ဆွေးမျိုးများထံမှချေးငှား၍လုပ်ငန်းမြတ် ငွေရရှိပါကပြန်လည်ပေးဆပ်ကြသည်။

ရည်ညွှန်း . . ကျေးရွာအခြေအနေကို ကျေးရွာသူ/သားများ ကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ
(ရက်၊ ၂လ၊ ၂၀၁၉ခုနှစ်)

(၁.၅.၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၇) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ရှင်းလင်းချက်/ဖော်ပြချက်	ကျား	မ	ပေါင်း
သက်ကြီးရွယ်အို ဖခင်မဲ့အထက်	မိသားစုစောင့်ရှောက်မှုမရှိ	-	-	-
မသန်စွမ်းသည့်ပုဂ္ဂိုလ်	မိသားစု/ရပ်ကွက်၏စောင့်ရှောက်မှုမရှိ	-	-	-
		အိမ်ထောင်စုအရေအတွက်		
အမျိုးသမီးဦးဆောင်သောအိမ်ထောင်စု	ဆင်းရဲ၍ မိသားစုဦးရေများ		၂၂	
အမျိုးသားဦးဆောင်သောအိမ်ထောင်စု	ဆင်းရဲ၍ မိသားစုဦးရေများ		၃	
ဆင်းရဲသည့် အိမ်ထောင်စု	အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသူ		-	

ရည်ညွှန်း . . ကျေးရွာအခြေအနေကို ကျေးရွာသူ/သားများ ကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ
(ရက်၊ လ၊ ၂၀၁၉ခုနှစ်)

(၁.၅.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၈) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု(နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	စားနပ်ရိက္ခာမဖူလုံမှု	လတ်	ဆင်းရဲအိမ်ထောင်စုအနည်းငယ်သည် လုပ်အားမှဝင်ငွေဖြင့် စားနပ်ရိက္ခာစရိတ်မဖူလုံမှုရှိတတ်သည်။
၂	သဘာဝအရင်းအမြစ်ရှားပါးမှု	လတ်	စိုက်ပျိုးမြေများ ထပ်မံတိုးချဲ့ရန် မရရှိနိုင် အကန့်အသတ်ရှိ

	(မြေ၊စိုက်ပျိုးရေ. . .)		သည်။ စိမ့်စမ်းရေများ နည်းပါးလာသဖြင့် စိုက်ပျိုးရေ မလုံလောက်မှု ကြုံတွေ့လာသည်။
၃	ရေကြီးခြင်း	လတ်	၂၀၁၅ခုနှစ်၊နောင်းပိုင်းနှစ်များတွင် ကြီးမားသောရေလွှမ်းမှု မရှိဘဲ၊မိုးတွင်းကာလတွင် အနည်းငယ်ကြုံရတတ်သည်။
၄	မိုးခေါင်ခြင်း	လတ်	ကြီးမားသောမိုးခေါင်မှု မရှိသေးပါ။
၅	မုန်တိုင်း	နိမ့်	မုန်တိုင်းတိုက်ခတ်မှု အလွန် နည်းပါးသည်။
၆	ငလျင်	နိမ့်	ကြီးမားသောထိခိုက်ခံစားမှုမရှိသေးပါ။
၇	မီးဘေး	နိမ့်	ဖြစ်ပွားမှုအလွန်နည်းပါးသည်။
၈	ဆားငံရေဝင်မြေ	လတ်	
၉	မြေပြိုခြင်း၊မြေဆီလွှာပျက်ယွင်းမှု	နိမ့်	စိုက်ခင်းမြေများတွင် ဓါတ်မြေဩဇာ ထည့်သွင်းစိုက်ပျိုးမှုများပြားသဖြင့် စိုက်ပျိုးမြေဆီလွှာများ ပျက်ယွင်းလာမှု ကြုံတွေ့ရသည်။
၁၀	သစ်တောပြုန်းတီးခြင်း	လတ်	သစ်လုပ်ငန်း၊ထင်းခုတ်ခြင်းများကြောင့် သစ်တောများ လျော့နည်းလာမှု ရှိသည်။
၁၁	၄က်ဖျားရောဂါ	လတ်	ယခုနှစ်ပိုင်းတွင် ရောဂါဖြစ်ပွားမှု လျော့နည်းလာသည်။
၁၂	သွေးလွန်တုတ်ကွေးရောဂါ	နိမ့်	ရောဂါဖြစ်ပွားမှုနည်းပါးသည်။
၁၃	တီဘီရောဂါ	နိမ့်	တီဘီရောဂါဖြစ်ပွားမှု မရှိသလောက်နည်းပါးသည်။
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	လတ်	ကျေးရွာသူ/သားများ ရောဂါဆိုင်ရာအသိအမြင်များ ရှိလာသဖြင့် ရောဂါဖြစ်ပွားမှုလျော့နည်းလာသည်။
၁၅	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ(IDP)		
၁၆	လူကုန်ကူးခြင်း	-	-
၁၇	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေး	လတ်	ကျေးရွာသည် ဖားကန့်မြို့နှင့်(၅)မိုင်အကွာခန့်တွင် တည်ရှိ

ခက်ခဲ စသည်		ကာ လမ်းပန်းဆက်သွယ်ရေး အသင့်အတင့် ကောင်းမွန်သည်။
၁၈ အခြား	-	-

ရည်ညွှန်း . . ကျေးရွာအခြေအနေကို ကျေးရွာသူ/သားများ ကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ
(ရက်၊ ၂လ၊ ၂၀၁၉ခုနှစ်)

(၁.၅.၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

၎ယား (၉) ထိခုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

စဉ်	အမျိုးအစား	ထိခိုက်မှု(နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	လူငယ်	မြင့်	လူငယ်လူရွယ်များသည် ကျေးရွာအနီးရှိ မှော်နယ်မြေများသို့ ကျောက်ရှာလုပ်ကိုင်ကြကာ အလွယ်တကူဝယ်ယူရရှိနိုင်သည့် အရက်နှင့် မူးယစ်ဆေးစွဲမှုတို့ ရှိတတ်သည်။
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု	မြင့်	အလုပ်မှရငွေဖြင့်မိသားစုဝမ်းစားမဖူလုံမှု ရှိတတ်သည်။
၃	မြေယာမဲ့၊ဆင်းရဲသားတောင်သူ	လတ်	ပိုးမွှားရောဂါကျရောက်မှု၊ ကုန်စျေးနှုန်းကြီးမြင့်မှု၊ သီးနှံထွက်ကုန်များစျေးနှုန်းလျော့ကျမှုတို့ကြုံတွေ့ရပါက ဝမ်းစာမဖူလုံမှု ရင်ဆိုင်ရတတ်သည်။
၄	ဘဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သော အိမ်ထောင်စု/ကူးစက်ရောဂါ ထူပြောသောဒေသတွင်နေထိုင်သူ	လတ်	၂၀၁၅ခုနှစ်တွင်ကျေးရွာ၏အနိမ့်ပိုင်းတွင်ရှိ အိမ်ထောင်စုအချို့ ရေကြီးမှုဒဏ်ခံရသော်လည်း ယခုနှောင်းပိုင်းနှစ်များရေလွှမ်းမှု မရှိသလောက်လျော့နည်းလာသည်။
၅	မြစ်ကမ်းဘေးနေလူထု	-	မရှိ။

၆	မတော်တဆမှုဖြစ်နိုင်ခြေများသောနေရာ (Prone to accident)	မြင့်	ကျေးရွာသည်ကားလမ်းမကြီးဘေးတွင်တည်ရှိသောကြောင့် မတော်တဆဖြစ်နိုင်မှုများသည်။
၇	ပြည်တွင်းနေရပ်စွန့်ခွာပြောင်းခံရသူများ (IDP)	-	မရှိ။
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	-	မရှိ။
၉	ငါးကန်ပိုင်ရှင်	-	မရှိ။
၁၀	လက်လုပ်လက်စား၊ကျပန်း	လတ်	သီးနှံစိုက်ပျိုးရာသီတွင်သာ အလုပ်အကိုင်ရရှိပြီး ကျန်ရာသီများတွင် အလုပ်အကိုင်ရှားပါးသဖြင့် ဝင်ငွေပုံမှန်မရရှိမှုကြောင့် ဝမ်းစာမဖူလုံမှု ရင်ဆိုင်ရတတ်သည်။
၁၁	လူနည်းစုလူမျိုးများ	-	မရှိ။
၁၂	ဒေသတွင်းပဋိပက္ခဧရိယာ	-	မရှိ။
၁၃	နယ်စပ်ဒေသ	-	မရှိ။
၁၄	ရွှေတွင်းလုပ်သား	-	မရှိ။
၁၅	ဆေးစွဲသူများ	နိမ့်	မူးယစ်ဆေးစွဲသူများအတွက် လူငယ်ပြုပြင်ရေးစခန်းရှိသော်လည်း ဆေးစွဲသူအချို့ ကျန်ရှိနေပါသည်။
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	-	မရှိ။
၁၇	လှည့်လည်သွားလာ၍စျေးရောင်းသူများ	-	မရှိ။
၁၈	ရွှေ့ပြောင်းလုပ်သားများ	-	မရှိ။
၁၉	ကားသမား	နိမ့်	မရှိ။
၂၀	အခြား	-	မရှိ။

ရည်ညွှန်း . . ကျေးရွာအခြေအနေကို ကျေးရွာသူ/သားများ ကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ
(ရက်၊ ၂လ၊ ၂၀၁၉ခုနှစ်)

(၂) ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(၂.၁.၁)ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့်ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန်များစွာအထောက်အကူပြုနိုင်ပါသည်။ ကျေးရွာ၏ လက်ရှိရင်ဆိုင်နေရသော စိုက်ပျိုးရေး၊မွေးမြူရေး၊ အခြားစီးပွားရေးလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးပြဿနာများကိုပူးပေါင်းဖော်ထုတ်ပြီး၊ ကျေးရွာတွင်ရှိသော အရင်းအမြစ်များ၊ အခွင့်အလမ်းများကိုဖော်ထုတ်ကာ အကျိုးရှိစွာအသုံးချပြီး၊ သက်ဆိုင်ရာဌာနများနှင့် အစီအစဉ်ကျသောမူဝါဒချိတ်ဆက်မှုများ လုပ်ဆောင်သွားနိုင်ပါမည်။

ဇယား (၁၀) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (၁/၂/၃)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်း တာဝန်	ဦးဆောင်ဖွဲ့စည်းသူ များ(၄/၅)	စွမ်းဆောင်နိုင်မှု (၆/၇/၈)
			ကျား	မ	ပေါင်း			
၁	လူငယ်အဖွဲ့	၂	၅၀	၃၀	၈၀	သာရေး/နာရေးလူမှုရေး ဆိုင်ရာကိစ္စရပ်များ	၄	၇
၂	မြစိမ်းရောင်အဖွဲ့	၁	၄	၃	၇	ချေးငွေလည်ပတ်ရေး	၅	၆
၃	မမ္မစကြာအဖွဲ့	၃		၃၀	၃၀	ဘာသာရေး	၄	၆
၄	ဂေါပကအဖွဲ့	၃	၂၀		၂၀	သာသာရေး၊လူမှုဖွံ့ဖြိုးရေး	၄	၇
၅	ရှမ်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့	၃	၁၃	၁၇	၃၀	စာပေနှင့်ယဉ်ကျေးမှု	၄	၇
၆	သုခိတာလူမှုကူညီရေးအသင်း	၂	၁၆	၁၅	၃၁	သာရေး/နာရေးလူမှုရေး ဆိုင်ရာကိစ္စရပ်များ	၅	၆
၇	အရုန်မီးသတ်တပ်ဖွဲ့	၂	၁၀		၁၀	လုံခြုံရေးနှင့်ကာကွယ်ရေး	၄	၇
၈။	လယ်ပြင်သွေးအလှူရှင်အဖွဲ့	၃	၂၀	၂၀	၄၀	ကျန်းမာရေး	၅	၇
၉။	ကြက်ခြေနီအဖွဲ့	၂	၅	၅	၁၀	ကျန်းမာရေး	၄	၆
၁၀။	အမျိုးသမီးရေးရာအဖွဲ့	၂		၈	၈	လူမှုဖွံ့ဖြိုးရေး	၄	၆

ရည်ညွှန်း . . ကျေးရွာအခြေအနေကို ကျေးရွာသူ/သားများ ကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ

(ရက်၊ ၂လ၊ ၂၀၁၉ခုနှစ်)

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ငွေစုငွေချေးအဖွဲ့စသည့်

(၂) လူမှုရေးအဖွဲ့-ဥပမာ- အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့

(၃) ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့

ဦးဆောင်ဖွဲ့စည်းသူများ

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ

(၆) ကောင်း

(၇) သင့်

(၈) ညံ့(အားနည်း)

(၂.၁.၂)ကျေးရွာဖွံ့ဖြိုးရေးအတွက် ပြင်ပအဖွဲ့အစည်းများ၏ အခြေအနေ

ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် ပြင်ပအဖွဲ့အစည်းများမှ လာရောက်ဖွဲ့စည်းထားမှု မရှိပါ။

(၂.၂) စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

(၂.၂.၁) သီးနှံထုတ်လုပ်ရေး

ဧယား (၁၁) လယ်ပြင်ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	အိမ်ထောင်စု%	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၁၆၆	၈၇.၈%	မြေမဲ့ယာမဲ့
၂	၃ကေအောက်	၇	၃.၇%	ဆင်းရဲသားတောင်သူ
၃	၃ကေမှ၅ကေထိ	၇	၃.၇%	တောင်သူငယ်
၄	၅ကေမှ၁၅ကေထိ	၇	၃.၇%	တောင်သူလတ်

၅	၁၅ကေအထက်	၂	၁၀.၅%	တောင်သူကြီး

ရည်ညွှန်း . . ကျေးရွာအခြေအနေကို ကျေးရွာသူ/သားများ ကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ
(ရက်၊ ၂လ၊ ၂၀၁၈ခုနှစ်)

(၂.၂.၁.၂) အစိုးရနှင့် ပုဂ္ဂလက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၂) လယ်ပြင်ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	အစိုးရနှင့်ပုဂ္ဂလိက	ရေသောက်ဧက	ရရှိနိုင်မှု(တစ်နှိုင်ပတ်လုံး/ရာသီလိုက်)
၁	ဆည်	-	-	-
၂	ရေလွှဲဆည်	-	-	-
၃	မြစ်ရေတင်စီမံကိန်း	-	-	-
၄	ဆည်မြောင်း	-	-	-
၅	အဝီစိတွင်း	-	-	-
၆	လက်ဝင်ရေတွင်း	-	-	-
၇	စိမ့်စမ်းရေ	-	-	-

ရည်ညွှန်း . . ကျေးရွာအခြေအနေကို ကျေးရွာသူ/သားများ ကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ
(ရက်၊ ၂လ၊ ၂၀၁၉ခုနှစ်)

(၂.၂.၁.၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	ဧက	ယူနစ်	သီးနှံထွက်မှု			သီးနှံစိုက်ပျိုး သည့်ကာလ	သွင်းအားစု လိုအပ်ချက်	အမြတ်ရရှိနိုင်မှု (နိမ့်/မြင့်/လတ်)	မှတ်ချက်
			အနည်းဆုံး	အများဆုံး	ပျှမ်းမျှ				

(နှိမ့်/မြင့်/လတ်)

စပါး	၈၀၀	တင်း	၄၀		၆၀	၄၀	ဇူလိုင်လမှ အောက်တိုဘာလထိ	မြင့်	လတ်

ရည်ညွှန်း . . ကျေးရွာအခြေအနေကို ကျေးရွာသူ/သားများ ကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ
(ရက်၊ ၂လ၊ ၂၀၁၉ခုနှစ်)

(၂.၂.၁.၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၄) လယ်ပြင်ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

စက်အမျိုးအစား	**အိမ်ထောင်စုအရေအတွက်**	**ရာခိုင်နှုန်း**	**မှတ်ချက်/အခြေအနေ**
ထွန်စက်		-	
လက်တွန်းထွန်စက်	၄	-	၄ားရမ်းလုပ်ကိုင်ခြင်းမရှိ၊ မိမိစိုက်ခင်းများသာ အသုံးပြုကြသည်။
ရိတ်စက်		-	
ရေစုပ်စက်	၃	-	၄ားရမ်းခြင်းမရှိ၊ ငွေကြေးတတ်နိုင်သူများသာအသုံးပြုကြသည်။
မြက်ရိတ်စက်	၂	-	စိုကခင်းများမစိုက်ပျိုးမီ မြက်များကိုခုတ်ဖြတ်ရှင်းလင်းရန် အသုံးပြုကြသည်။

ရည်ညွှန်း . . ကျေးရွာအခြေအနေကို ကျေးရွာသူ/သားများ ကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ
(ရက်၊ ၂လ၊ ၂၀၁၉ခုနှစ်)

(၂.၂.၁.၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၅) သီးနှံအထွက်နှုန်းတိုးစေရန်အတွက် အခွင့်အလမ်းများ

အခြေအနေ	ရှိ/မရှိ	ဖော်ပြချက်/ရှင်းလင်းချက်
မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊မြေဆီဩဇာ)	မရှိ	စိုက်ပျိုးမြေအသင့်အတင့်ကောင်းမွန်သော်လည်း တိုးချဲ့ရန်မြေအလုံအလောက်မရှိ။
ရေအရင်းအမြစ်၊	ရှိ	
သဘာဝမြေဆွေး၊သြဂဲနစ်ပိုးသတ်ဆေး၊	ရှိ	သဘာဝမြေဆွေးများအသုံးပြုနည်းပညာရရှိပါက စိုက်ပျိုးရေးအတွက် အသုံးပြုလာနိုင်သည်။
ဓါတ်မြေဩဇာ၊ဓါတုပိုးသတ်ဆေး	ရှိ	သီးနှံအထွက်တိုးစေရန် ဓါတ်မြေဩဇာများ အဓိကထည့်သွင်းစိုက်ပျိုးကြသည်။
ချေးငွေရရှိမှု	ရှိ	မြစိမ်းရောင်စီမံကိန်းရန်ပုံငွေမှ ချေးငွေများရရှိနိုင်သည်။
သွင်းအားစုစျေးကွက်	ရှိ	ဖားကန့်မြို့နှင့်ဆိပ်မူကျေးရွာရှိ စျေးဆိုင်များမှ စိုက်ပျိုးရေးသွင်းအားစုများ အလွယ်တကူရရှိနိုင်သည်။တချို့ ငွေကြေးတတ်နိုင်သူများမှာ မြစ်ကြီးနား၊မြို့၊မိုးညှင်း၊မြို့များမှ စိုက်ပျိုးရေးသွင်းအားစုများ ဝယ်ယူထားပြီး ကျေးရွာတွင် ရောင်းချကြသည်။
ဝန်ဆောင်မှုစျေးကွက်	ရှိ	မြို့နယ်စိုက်ပျိုးရေးဌာနမှ ဝန်ဆောင်မှုရရှိနိုင်သည်။
ထုတ်လုပ်မှုစျေးကွက်နှင့်ကုန်သွယ်မှု	ရှိ	စိုက်ခင်းသီးနှံထွက်ကုန်များကို ဖားကန့်မြို့နှင့်ဆိပ်မူကျေးရွာများရှိ စျေးများတွင် သွားရောက်ရောင်းချနိုင်ပြီး အချို့သီးနှံရောင်းဝယ်သူများမှ ကျေးရွာစိုက်ခင်းထိ လာရောက်ဝယ်ယူကြသည်။

